# ၂၀၁၉/၂၀၂၀ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ပုဂ္ဂိုလ်စုဝင်ငွေခွန်ကြေညာလွှာ

**(အခွန်ကြေညာလွှာကို မှန်ကန်ပြည့်စုံစွာဖြည့်စွက်နိုင်ရန် ညွှန်ကြားချက်ကို ဖတ်ရှုပေးပါ။)**

**(၂၀၁၉ အောက်တိုဘာ ၁ရက်မှ ၂၀၂၀ စက်တင်ဘာ ၃၀ရက် ဝင်ငွေနှစ်အတွက် တင်သွင်းရမည့် နှစ်ချုပ်ဝင်ငွေခွန်ကြေညာလွှာ)**

| | | | |
|---|---|---|---|
| အခွန်ထမ်း၏<br>ကိုယ်ရေးအချက်အလက် | **က။ အခွန်ထမ်းအမျိုးအစား -** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ ပုဂ္ဂိုလ်စု ☐ ကုမ္ပဏီ<br>☐ သမဝါယမအသင်း (Primary Cooperative)<br>☐ အခြားသမဝါယမအသင်းအဖွဲ့ (Non-primary Cooperative)<br>☐ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း<br>**ခ။ နေထိုင်မှု -** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ မြန်မာနိုင်ငံသား ☐ ပြည်ပနေနိုင်ငံသား<br>☐ ပြည်ပနေနိုင်ငံခြားသား ☐ ပြည်တွင်းနေနိုင်ငံခြားသား<br>**ဂ။ နိုင်ငံအမည် (အခွန်နှစ်ထပ်မကျသင့်စေရေးစာချုပ်ဝင် နိုင်ငံဖြစ်ပါက)** ________________<br>**ဃ။ သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ►** ☐ ပြည်တွင်းအခွန်များ ဦးစီးဌာနထံသို့ တင်သွင်းသည့် ကနဦးကြေညာလွှာ<br>☐ ပြည်တွင်းအခွန်များ ဦးစီးဌာနထံသို့ တင်သွင်းသည့် အပြီးသတ်ကြေညာလွှာ<br>☐ ၂၀၁၉/၂၀၂၀ ဝင်ငွေနှစ်အတွက် ပြင်ဆင်ထားသည့် ကြေညာလွှာ<br>☐ MIC / SEZ အရ ကင်းလွတ်ခွင့်<br>☐ Grant Aid / Concessional Loan အရ ကင်းလွတ်ခွင့်<br>☐ လိပ်စာပြောင်းလဲခြင်း<br>☐ ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများ<br>☐ ငွေစာရင်းထားရှိသည့်နည်းလမ်း (သို့မဟုတ်) ကုန်လက်ကျန်တန်ဖိုး သတ်မှတ်မှု နည်းလမ်းပြောင်းလဲခြင်း | | |
| အမည် | | အခွန်ထမ်း<br>မှတ်ပုံတင်အမှတ် | |
| စာပို့လိပ်စာ<br>(စာပို့သင်္ကေတဖော်ပြပါ) | | | |
| | | | |
| နေရပ်လိပ်စာ | | | |
| | | | |
| | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလိပ်စာ | |
| အကောက်ခွန်၏ IE Code | | Industry Code<br>လုပ်ငန်းအမျိုးအစား<br>ကုဒ်နံပါတ် | |

**သတိပြုရန်။ အပိုင်း က မှ ဂ အထိ တွင် အခွန်ထမ်းဆောင်ရန်တွက်ချက်ရမည့် ငွေကိုသာဖြည့်စွက်ရမည်။ ငွေပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့်သာဖော်ပြပါ။**

| **အပိုင်း က**<br>**စီးပွားရေးလုပ်ငန်းမှဝင်ငွေ နှင့် အသုံးစရိတ်များ**<br>(အခြေပစ္စည်းမှမြတ်စွန်းငွေ၊ သို့မဟုတ် ငှားရမ်းခဝင်ငွေ(ပစ္စည်း)၊ သို့မဟုတ် အခြားရလမ်းများမှဝင်ငွေများ မရေးသွင်းရန်။ စီးပွားရေးလုပ်ငန်း တစ်ခုထက်ပိုမိုရှိပါက စီးပွားရေးလုပ်ငန်း တစ်ခုစီ၏ အသေးစိတ်စာရင်း တစ်ခုစီကို ယခုဇယားပုံစံ အတိုင်း ဖြည့်စွက်၍ ပူးတွဲပေးပို့ပြီး ဤဇယားတွင် စုစုပေါင်းစာရင်းချုပ်ကို တင်ပြရန်။) | (က)<br>မြန်မာနိုင်ငံတွင်းရှိ စီးပွားရေး လုပ်ငန်းမှရငွေ | (ခ)<br>မြန်မာနိုင်ငံ ပြင်ပရှိ စီးပွားရေးလုပ်ငန်းမှရငွေ (ပြည်ပနေနိုင်ငံခြားသားနှင့် မသက်ဆိုင်ပါ) | (ဂ)<br>ဝင်ငွေခွန် စည်းကြပ် ထိုက်သည့် စီးပွားရေးလုပ်ငန်းဝင်ငွေ |
|---|---|---|---|
| **ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း အပါအဝင် အဓိကလုပ်ငန်း(သို့) အသက်မွေးဝမ်းကျောင်းလုပ်ငန်း** | | | |
| | | | |

| | | | |
|---|---|---|---|
| **အမည်၊ နေရပ်လိပ်စာအပြည့်အစုံ(သို့) လုပ်ငန်းတည်နေရာ** | | | |
| | | | |
| ၁။ **အထူးကုန်စည်ခွန်အပါအဝင် (ကုန်သွယ်ခွန်မပါ) စီးပွားရေးလုပ်ငန်းဝင်ငွေ** (ရောင်းရငွေ၊ လုပ်ငန်းမှရငွေ၊ ရင်းနှီးမြှုပ်နှံမှုမှရငွေ၊ အတိုးဝင်ငွေ၊ အာမခံကြေးငွေ စသည်ဖြင့်- အသေးစိတ်စာရင်း ပူးတွဲတင်ပြရန်) | | | |
| ၂။ **အသုံးစရိတ်များ (ကုန်သွယ်ခွန်မပါ)** | | | |
| က။ အရောင်း(သို့) လုပ်ငန်းလည်ပတ်ရန် ကုန်ကျစရိတ် (အသေးစိတ်စာရင်းပူးတွဲတင်ပြရန်) | | | |
| ခ။ အထွေထွေနှင့် အုပ်ချုပ်မှုစရိတ် (အသေးစိတ်စာရင်း ပူးတွဲ တင်ပြရန်) | | | |
| ဂ။ ဝန်ထမ်း/အလုပ်သမားစရိတ်များ | | | |
| ဃ။ စီမံအုပ်ချုပ်မှုစရိတ်များ | | | |
| င။ အတိုးပေးငွေ | | | |
| စ။ တန်ဖိုးလျော့နှင့်ကုန်ကျစရိတ်ကိုအရစ်ကျနုတ်ပယ်ခြင်း (ပူးတွဲစာရင်းတင်ပြရန်) | | | |
| ဆ။ နိုင်ငံခြားအခွန်များ | | | |
| ဇ။ ပေးသွင်းပြီးသည့် အထူးကုန်စည်ခွန် | | | |
| ဈ။ အခြားကုန်ကျစရိတ်များ (ပူးတွဲစာရင်းတင်ရန်) | | | |
| ည။ **စုစုပေါင်းကုန်ကျစရိတ်** (အလျားကွက် ၂က+၂ခ+၂ဂ+၂ဃ+၂င+၂စ+၂ဆ+၂ဇ+၂ဈ) | | | |
| ၃။ **စီးပွားရေးလုပ်ငန်းမှ အသားတင်ဝင်ငွေ(အရှုံး) ဒေါင်လိုက်ကွက်(က)နှင့် (ခ)တွင် အလျားကွက် ၁ မှ ၂ည နုတ်လဒ်ကိုဖြည့်ပါ။ ဒေါင်လိုက်ကွက်(ဂ)တွင် ဒေါင်လိုက်ကွက်(က)နှင့် (ခ) ပေါင်းလဒ်ကိုဖြည့်ပါ။** | | | |

| **အပိုင်း ခ**<br>**မရွှေ့ပြောင်းနိုင်သော ပစ္စည်းငှားရမ်းခြင်းမှဝင်ငွေနှင့် အသုံးစရိတ်များ**<br>(အခြေပစ္စည်းမှ မြတ်စွန်းငွေကို မရေးသွင်းရန်၊ ဒေါင်လိုက်ကွက် တစ်ခုစီအလိုက် ပစ္စည်းငှားရမ်းခြင်းမှရငွေ တစ်ခုထက် ပိုမိုရရှိပါက ငှားရမ်းခဝင်ငွေ တစ်ခုစီ၏ အသေးစိတ်စာရင်း တစ်ခုစီကို ယခုဇယား ပုံစံအတိုင်း ဖြည့်စွက်၍ ပူးတွဲပေးပို့ပြီး ဤဇယားတွင် စုစုပေါင်းစာရင်းချုပ်ကို တင်ပြရန်။) | (က)<br>မြန်မာနိုင်ငံတွင်းရှိ မြေယာအဆောက်အအုံ ငှားရမ်းခြင်းမှ ရငွေ | (ခ)<br>မြန်မာနိုင်ငံ ပြင်ပရှိ မြေယာ အဆောက်အအုံ ငှားရမ်းခြင်းမှ ရငွေ (ပြည်ပနေ နိုင်ငံခြားသားနှင့် မသက်ဆိုင်ပါ) | (ဂ)<br>ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းငှားရမ်းခြင်းမှ ဝင်ငွေ |
|---|---|---|---|
| ၁က။ **မြေယာအဆောက်အအုံအမျိုးအစား** (မိသားစုတစ်စုပိုင် အဆောက်အအုံ၊ တိုက်ခန်း၊ လုပ်ငန်းသုံး အဆောက်အအုံ၊ မြေစသည်ဖြင့်) | | | |
| ၁ခ။ **မြေယာအဆောက်အအုံ၏ နေရပ်လိပ်စာအပြည့်အစုံ သို့မဟုတ် မြေယာအဆောက်အအုံတည်နေရာ** | | | |
| ၂။ **စုစုပေါင်း ငှားရမ်းခရငွေ** | | | |
| ၃။ **အသုံးစရိတ်များ** | | | |
| က။ ပြုပြင်စရိတ်နှင့် ထိန်းသိမ်းစရိတ် | | | |
| ခ။ အတိုးနှုန်း အသုံးစရိတ် | | | |
| ဂ။ ပိုင်ဆိုင်ပစ္စည်းအပေါ်ထားရှိသည့် အာမခံ | | | |
| ဃ။ လျှပ်စစ်မီး၊ ရေ၊ မိလ္လာ စသည့် ဝန်ဆောင်လုပ်ငန်းများ အတွက် ကုန်ကျစရိတ် | | | |
| င။ အမှိုက်စွန့်ပစ်ခ | | | |
| စ။ လုံခြုံရေးစရိတ် | | | |
| ဆ။ တန်ဖိုးလျော့နှင့်ကုန်ကျစရိတ်ကိုအရစ်ကျနုတ်ပယ်ခြင်း (ပူးတွဲစာရင်းတင်ပြရန်) | | | |
| ဇ။ အခြားစရိတ်များ (ပူးတွဲစာရင်းတင်ပြရန်) | | | |

| | | | |
|---|---|---|---|
| ဈ။ စုစုပေါင်းကုန်ကျစရိတ် (အလျားကွက် ၃က+၃ခ+၃ဂ+၃ဃ+၃င+၃စ+၃ဆ+၃ဇ) | | | |
| ၄။ **မရွေ့ပြောင်းနိုင်သော ပစ္စည်းဥစ္စာများရမ်းခြင်းမှအသားတင်ဝင်ငွေ (အရှုံး)** ဒေါင်လိုက်ကွက်(က)နှင့်(ခ)တွင် အလျားကွက် ၂ မှ အလျားကွက် ၃ဈ နုတ်လဒ်ကိုဖြည့်ပါ။ ဒေါင်လိုက်ကွက်(ဂ) တွင် ဒေါင်လိုက်ကွက်(က)နှင့်(ခ) ပေါင်းလဒ်ကိုဖြည့်ပါ။ | | | |

| **အပိုင်း ဂ**<br>**အခြားရလမ်းများမှ ဝင်ငွေနှင့် အသုံးစရိတ်များ**<br>(အခြေပစ္စည်းမှ မြတ်စွန်းငွေ မပါဝင်ပါ။) | (က)<br>မြန်မာနိုင်ငံအတွင်း အခြားရလမ်းများမှရငွေ | (ခ)<br>မြန်မာနိုင်ငံပြင်ပရှိ အခြားရလမ်းများမှရငွေ (ပြည်ပနေနိုင်ငံခြားသားနှင့် မသက်ဆိုင်ပါ) | (ဂ)<br>ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် အခြားရလမ်းများမှ ဝင်ငွေ |
|---|---|---|---|
| ၁။ **အခြားရလမ်းများမှဝင်ငွေ**(ပူးတွဲစာရင်းတင်ပြရန်) | | | |
| ၂။ **အသုံးစရိတ်များ** (ပူးတွဲစာရင်းတင်ပြရန်) | | | |
| ၃။ **အခြားရလမ်းများမှအသားတင်ဝင်ငွေ (အရှုံး) ဒေါင်လိုက်ကွက်(က)နှင့် (ခ)တွင် အလျားကွက် ၁ မှ အလျားကွက် ၂ နုတ်လဒ်ကိုဖြည့်ပါ။ ဒေါင်လိုက်ကွက်(ဂ)တွင် ဒေါင်လိုက်ကွက်(က)နှင့် (ခ) ပေါင်းလဒ်ကိုဖြည့်ပါ။** | | | |

| **အပိုင်းဃ**<br>**ဝင်ငွေခွန် စည်းကြပ်ထိုက်သည့်ဝင်ငွေ တွက်ချက်ခြင်း** | | |
|---|---|---|
| ၁။ **အသားတင်ဝင်ငွေ** | | |
| က။ စီးပွားရေးလုပ်ငန်းမှအသားတင်ဝင်ငွေ(အရှုံး) (အပိုင်း(က)၊ အလျားကွက် ၃ ဒေါင်လိုက်ကွက် (ဂ)မှ) | | |
| ခ။ ပစ္စည်းဥစ္စာရမ်းခြင်းမှအသားတင်ဝင်ငွေ(အရှုံး) (အပိုင်း(ခ)၊ အလျားကွက် ၄ဒေါင်လိုက်ကွက်(ဂ)မှ) | | |
| ဂ။ အခြားရလမ်းများမှအသားတင်ဝင်ငွေ(အရှုံး) (အပိုင်း(ဂ)၊ အလျားကွက် ၃ ဒေါင်လိုက်ကွက်(ဂ)မှ) | | |
| ဃ။ COVID-19 စီးပွားရေးကုစားမှုအစီစဉ် (COVID-19 Economic Relief Plan) အရ စရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုသည့်ပမာဏမနုတ်မီ စုစုပေါင်းအသားတင်ဝင်ငွေ(အရှုံး) ၁က+၁ခ+၁ဂ ကိုပေါင်းပါ။ | | |
| ၂။ **COVID-19 စီးပွားရေးကုစားမှုအစီစဉ် (COVID-19 Economic Relief Plan)အရ စရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုခြင်း** | | |
| က။ ထပ်တိုးပေးချေရသည့်ဝန်ထမ်း/အလုပ်သမားစရိတ်များအပေါ် အသုံးစရိတ်အဖြစ် တိုးမြှင့် နုတ်ပယ်ခွင့်ပြုသည့်ပမာဏ<br>(အချပ်ပို ကတွင် တွက်ချက်မှုဖြည့်စွက်၍ အသေးစိတ်စာရင်းပူးတွဲတင်ပြရန်ဖြစ်သည်။) | | |
| ခ။ ထပ်တိုးမ-တည်အပိုင်ပစ္စည်းများအတွက်တန်ဖိုးလျော့စရိတ်တိုးမြှင့်ခွင့်ပြုသည့်ပမာဏ<br>(အချပ်ပို ကတွင် တွက်ချက်မှုဖြည့်စွက်၍ အသေးစိတ်စာရင်းပူးတွဲတင်ပြရန်ဖြစ်သည်။) | | |
| ဂ။ COVID-19 စီးပွားရေးကုစားမှုအစီစဉ် (COVID-19 Economic Relief Plan) အရ စရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုသည့်ပမာဏ စုစုပေါင်း။ (၂ က + ၂ ခ) | | |
| ဃ။ သယ်ယူလာသောအရှုံးများကိုမထည့်သွင်းမီ စုစုပေါင်းအသားတင်ဝင်ငွေ(အရှုံး) (၁ ဃ - ၂ ဂ)။ အသားတင်ရလဒ်သည် အရှုံးဖြစ်ပါက အပိုင်း(ဃ)၏ကျန်အပိုင်းများကိုကျော်၍အပိုင်း(င)၊အလျားကွက် ၁ တွင် “၀” ကိုဖြည့်ပါ။ | | |
| ၃။ **ယခင်ဝင်ငွေနှစ်များမှသယ်ယူလာသောအရှုံးကိုဖြည့်ပါ။ (ညွှန်ကြားချက်ကိုကြည့်ပါ။)** | | |
| က။ ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ် / ၂၀၁၉ ဝင်ငွေနှစ်မှ အသုံးမပြုရသေးသည့် သယ်ယူလာသောအရှုံးကို ဖြည့်ပါ။ | | |
| ခ။ ၂၀၁၈ ဝင်ငွေနှစ် / ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်မှ အသုံးမပြုရသေးသည့် သယ်ယူလာသောအရှုံးကို ဖြည့်ပါ။ | | |
| ဂ။ ၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်မှ အသုံးမပြုရသေးသည့် သယ်ယူလာသောအရှုံးကို ဖြည့်ပါ။ | | |
| ဃ။ MIC ခွင့်ပြုမိန့် (သို့) အခြားအထောက်အထားများအရခွင့်ပြုထားသည့်၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်မတိုင်မီက အသုံးမပြုရသေးသည့် သယ်ယူလာသောအရှုံးကို ဖြည့်ပါ။<br>(အထောက်အထားများကို ပူးတွဲဖော်ပြပါ။ ညွှန်ကြားချက်ကိုကြည့်ပါ။) | | |
| င။ စုစုပေါင်းသယ်ယူလာသောအရှုံး။ (၃က+၃ခ+၃ဂ+၃ဃ) | | |
| ၄။ **MIC/SEZ/Grant Aid/Concessional Loan ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်းအသားတင်ဝင်ငွေ။** အလျားကွက် ၂ဃ မှ ၃င ကိုနုတ်ပါ။ အသားတင်အရှုံးပေါ်ပေါက်ပါက “၀”ဟုဖြည့်ပြီး အပိုင်း(ဃ)၏ ကျန်အပိုင်းကိုကျော်၍ အပိုင်း(င)၊ အလျားကွက် ၁ တွင် “၀”ကို ဖြည့်ပါ။ | | |

| | | |
|---|---|---|
| ၅။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကင်းလွတ်ခွင့်/အထူးစီးပွားရေးဇုန်ဥပဒေအရ အခွန်ကင်းလွတ်ခွင့်ပေးသည့် ဝင်ငွေပမာဏ။** (၎င်းပမာဏကို တွက်ချက်ထားသည့် ဇယားနှင့် သက်ဆိုင်ရာကင်းလွတ်ခွင့်အထောက်အထားမိတ္တူကို ပူးတွဲတင်ပြပါ။) | | |
| ၆။ **MIC/SEZကင်းလွတ်ခွင့်ပေးသည့် ဝင်ငွေ နုတ်ပယ်ပြီး Grant Aid/Concessional Loan ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များမနုတ်မီစုစုပေါင်းအသားတင်ဝင်ငွေ။**အလျားကွက် ၄ မှ ၅ ကို နုတ်ပါ။ အသားတင်အရှုံးပေါ်ပါက "၀"ဟု ဖြည့်ပြီးအပိုင်း(ဃ)၏ ကျန်အပိုင်းကိုကျော်၍အပိုင်း(င)၊ အလျားကွက် ၁ တွင် "၀"ကိုဖြည့်ပါ။ | | |
| ၇။ **နိုင်ငံတော်က ရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) နှင့် သက်သာသောချေးငွေ (Concessional Loan) တို့အရ အခွန်ကင်းလွတ်ခွင့်ပေးသည့် ဝင်ငွေပမာဏ။** (ပြည်ထောင်စုအစိုးရက ခွင့်ပြုပေးထားသော ကင်းလွတ်ခွင့်မိတ္တူကို ပူးတွဲတင်ပြပါ။) | | |
| ၈။ **နိုင်ငံတော်က ရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) နှင့် သက်သာသောချေးငွေ (Concessional Loan) တို့အရ ကင်းလွတ်ခွင့်ပေးသည့် ဝင်ငွေ နုတ်ပယ်ပြီး သက်သာခွင့်များမနုတ်မီ စုစုပေါင်းအသားတင်ဝင်ငွေ။**အလျားကွက် ၆ မှ ၇ ကို နုတ်ပါ။ အသားတင်အရှုံးပေါ်ပါက "၀"ဟု ဖြည့်ပြီးအပိုင်း(ဃ)၏ ကျန်အပိုင်းကိုကျော်၍အပိုင်း(င)၊ အလျားကွက် ၁ တွင် "၀"ကိုဖြည့်ပါ။ | | |
| ၉။ **အခြေခံသက်သာခွင့် – သမဝါယမအသင်းများအတွက်သာ။** အလျားကွက် ၈ ကို ၂၀% * ဖြင့် မြှောက်ပါ။ ရလဒ်သည် ကျပ်၁၀,၀၀၀,၀၀၀ အောက်လျော့နည်းပါက ဤနေရာတွင်ဖြည့်ပါ။ သို့မဟုတ်လျှင် ကျပ် ၁၀,၀၀၀,၀၀၀ ဟု ဖြည့်ပါ။ | | |
| ၁၀။ **လှူဒါန်းငွေမနုတ်ပယ်မီစုစုပေါင်းအခွန်စည်းကြပ်ထိုက်သည့်ဝင်ငွေ။**အလျားကွက် ၈ ထဲမှ အလျားကွက် ၉ ကို နုတ်ပါ။ **(ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက အလျားကွက် ၁၀ မှ ပမာဏကို အလျားကွက် ၁၂ တွင်ဖြည့်ပါ။ လှူဒါန်းငွေများအတွက် နုတ်ပယ်ခွင့်များကို ခံစားခွင့်မရှိပါ။)** | | |
| ၁၁။ **ထည့်ဝင်ခဲ့သော လှူဒါန်းငွေများ (လှူဒါန်းခဲ့ပါက)*** (ညွှန်ကြားချက်ကိုကြည့်ပါ။) | | |
| ၁၂။ **စုစုပေါင်းအခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေ။**အလျားကွက် ၁၀ ထဲမှ အလျားကွက် ၁၁ ကို နုတ်ပါ။ ဤပမာဏကို အပိုင်း (င) အလျားကွက် ၁တွင်ဖြည့်ပါ။ | | |

## အပိုင်း င

## အခွန်ငွေတွက်ချက်ခြင်း

| | | |
|---|---|---|
| ၁။ အပိုင်း ဃ ၏ အလျားကွက် ၂ဃ (သို့) အလျားကွက် ၄ (သို့) အလျားကွက် ၆ (သို့) အလျားကွက် ၈ (သို့) အလျားကွက် ၁၀ (သို့) အလျားကွက် ၁၂ မှ ပမာဏကိုဖြည့်ပါ။ | | |
| ၂။ **ပေးဆောင်မှုများ မပြုမီစုစုပေါင်းအခွန်** (သမဝါယမအသင်းများအနေနှင့် ညွှန်ကြားချက်ကိုကြည့်ပါ။) | | |
| ၃။ **ပေးဆောင်မှုများ** | | |
| က။ သုံးလတစ်ကြိမ် အရစ်ဖြင့် ပေးဆောင်ထားသော ကြိုတင်ခွန်စုစုပေါင်း | | |
| ခ။ ပင်ရင်းမှ နုတ်ယူပေးခြင်းခံရသည့်ဝင်ငွေခွန် | | |
| ဂ။ အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းထားသည့်ဝင်ငွေခွန် | | |
| ဃ။ အခွန်နှစ်ထပ်မကျသင့်စေရေးစာချုပ်ဝင်နိုင်ငံများရှိ နိုင်ငံခြားအစိုးရများထံသို့ ပေးဆောင်ခဲ့သောဝင်ငွေခွန် | | |
| င။ ယခုနှစ်သို့ သယ်ယူလာသည့် ယခင်နှစ်တွင် ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏ | | |
| စ။ စုစုပေါင်းပေးဆောင်ထားသည့်ငွေ (၃က+၃ခ+၃ဂ+၃ဃ+၃င) | | |
| ၄။ **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်မပြုမီ ပေးဆောင်ရန်ကျန် ပမာဏ။** အလျားကွက် ၂ ထဲမှ အလျားကွက် ၃စ ကိုနုတ်ပါ။ သုည သို့မဟုတ် သုညထက်လျော့နည်းပါက "၀" ဟု ဖြည့်ပြီး အလျားကွက် ၅ နှင့် ၆ ကိုကျော်၍ အလျားကွက် ၉ ကို ဆက်လက်ဖြည့်စွက်ပါ။ | | |
| ၅။ **ထပ်တိုးပေးချေရသည့် ဝန်ထမ်း/အလုပ်သမားစရိတ်များ အပေါ် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်။** အချပ်ပို က ၏ ဇယား-၁ အလျားကွက် ၆ မှ ပမာဏကိုဖြည့်ပါ။ (အချပ်ပို က တွင် တွက်ချက်မှုဖြည့်စွက်၍ အသေးစိတ်စာရင်း ပူးတွဲတင်ပြရန်) | | |
| ၆။ **မ-တည်အပိုင်ပစ္စည်းများတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်။** အချပ်ပို က ၏ ဇယား-၂ အလျားကွက် ၄မှ ပမာဏကိုဖြည့်ပါ။ (အချပ်ပို က တွင် တွက်ချက်မှုဖြည့်စွက်၍ အသေးစိတ်စာရင်းပူးတွဲတင်ပြရန်) | | |
| ၇။ **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် စုစုပေါင်း အခွန်ခုနှိမ်ခွင့်ပမာဏ။** အလျားကွက် ၅ နှင့် အလျားကွက် ၆ ကိုပေါင်းပါ။ | | |
| ၈။ **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ပြီးနောက် ပေးဆောင်ရန်ကျန်ပမာဏ။** အလျားကွက် ၄ ထဲမှ အလျားကွက် ၇ ကိုနုတ်ပါ။ သုည သို့မဟုတ် သုည ထက်လျော့နည်းပါက "၀" ဟုဖြည့်ပါ။ | | |
| ၉။ **ပို၍ပေးဆောင်ထားသောပမာဏ။** အလျားကွက် ၃စ ထဲမှ အလျားကွက် ၂ ကိုနုတ်ပါ။ သုည သို့မဟုတ် သုည ထက်လျော့နည်းပါက "၀" ဟုဖြည့်ပါ။ ပိုမိုပေးသွင်းထားခဲ့သောငွေပမာဏကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃နှင့်အညီ ပြန်အမ်းမည်ဖြစ်သည်။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃နှင့်အညီ ဆောင်ရွက်ပြီးနောက် ပိုမိုပေးသွင်းထားခဲ့သော ပမာဏကျန်ရှိနေပြီး ယင်းကိုနောင်လာမည့် အခွန်နှစ်အတွက် အသုံးပြုလိုပါက ဤအကွက်တွင်အမှတ်ခြစ်ပါ။ ► ☐ | | |

| **အပိုင်း စ**<br>**ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း** | ၃၀-၀၉-၂၀၁၉ တွင်ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် | | ၃၀-၀၉-၂၀၂၀ တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် | |
|---|---|---|---|---|
| **ပိုင်ဆိုင်ပစ္စည်းများ**<br>**လက်ငင်းမဟုတ်သော ပိုင်ဆိုင်ပစ္စည်းများ** | (က) | (ခ) | (ဂ) | (ဃ) |
| ၁။ မြေ | | | | |
| ၂က။ မြေယာ၊ အဆောက်အအုံ | | | | |
| ၂ခ။ နုတ်ရန် (စုစုပေါင်းတန်ဖိုးလျော့လျာထား) | ( ) | | ( ) | |
| ၃က။ စက်နှင့် စက်ကိရိယာ | | | | |
| ၃ခ။ နုတ်ရန် (စုစုပေါင်းတန်ဖိုးလျော့လျာထား) | ( ) | | ( ) | |
| ၄။ အသက်ဇီဝရှိပစ္စည်း ပိုင်ဆိုင်မှု | | | | |
| ၅က။ ဒြပ်မဲ့ပစ္စည်းများ | | | | |
| ၅ခ။ နုတ်ရန် (စုစုပေါင်းတန်ဖိုးလျော့လျာထား) | ( ) | | ( ) | |
| ၆။ ပုဂ္ဂိုလ်စုနှင့် ဖက်စပ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်း | | | | |
| ၇။ ကာလရှည် ချေးငွေ | | | | |
| ၈။ ဆိုင်းငံ့ အခွန်ရပိုင်ခွင့်များ | | | | |
| ၉။ အရစ်ကျနှစ်ရှည်ငှားရမ်းမှုအတွက် ကာလရှည်ရရန်ရှိ | | | | |
| ၁၀။ အခြား လက်ငင်းမဟုတ်သော ပိုင်ဆိုင်ပစ္စည်းများ | | | | |
| **၁၁။ စုစုပေါင်း လက်ငင်း မဟုတ်သော ပိုင်ဆိုင်ပစ္စည်းများ (၁+၂က+၂ခ+၃က+၃ခ+၄+၅က+၅ခ+၆ +၇+၈+၉+၁၀)** | | | | |
| **လက်ငင်းပိုင်ဆိုင်ပစ္စည်းများ** | | | | |
| ၁၂။ ကုန်လက်ကျန်များ | | | | |
| ၁၃။ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | | | | |
| ၁၄။ အရစ်ကျနှစ်ရှည်ငှားရမ်းမှုအတွက် ကာလတိုရရန်ရှိ | | | | |
| ၁၅။ စာချုပ်အရ ငွေတောင်းခံမှုထက် ကျော်လွန်သော ကုန်ကျစရိတ်နှင့် ခန့်မှန်းရငွေ | | | | |
| ၁၆။ လက်ငင်းအခွန်ရပိုင်ခွင့်များ | | | | |
| ၁၇။ ဘဏ်နှင့်ငွေလက်ကျန် | | | | |
| ၁၈။ ရောင်းရန်အတွက်ရည်ရွယ်၍ ကိုင်ဆောင်ထားသော ပိုင်ဆိုင် ပစ္စည်းများ | | | | |
| ၁၉။ အခြားလက်ငင်းပိုင်ဆိုင်ပစ္စည်းများ | | | | |
| **၂၀။ စုစုပေါင်း လက်ငင်း ပိုင်ဆိုင်ပစ္စည်းများ (၁၂+၁၃+၁၄+၁၅+၁၆+၁၇+၁၈-၁၉)** | | | | |
| **၂၁။ စုစုပေါင်း ပိုင်ဆိုင်ပစ္စည်းများ (၁၁+၂၀)** | | | | |

| **အပိုင်း ၈ (အဆက်)**<br>**ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း** | ၃၀-၉-၂၀၁၉ တွင်ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် | | ၃၀-၉-၂၀၂၀ တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် | |
|---|---|---|---|---|
| **ပိုင်ဆိုင်ခွင့်နှင့် ပေးရန်တာဝန်များ**<br>**ပိုင်ဆိုင်ခွင့်** | (က) | (ခ) | (ဂ) | (ဃ) |
| ၂၂။ ထုတ်ပြီးငွေရင်း | | | | |
| ၂၃။ သီးသန့်ငွေများ | | | | |
| ၂၄။ အရှုံးအမြတ်စာရင်းလက်ကျန် (စုစုပေါင်းအရှုံး) | | | | |
| ၂၅။ ရောင်းရန်အတွက် ရည်ရွယ်၍ ကိုင်ဆောင်ထားသော ပိုင်ဆိုင်ပစ္စည်းများနှင့် ပတ်သက်သည့် မတည်ရင်းနှီးငွေ | | | | |
| ၂၆။ ထိန်းချုပ်မှုမရှိသော ရင်းနှီးမြှုပ်နှံမှု | | | | |
| **၂၇။ စုစုပေါင်း ပိုင်ဆိုင်ခွင့် (၂၂+၂၃+၂၄+၂၅+၂၆)** | | | | |
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | | | |
| ၂၈။ လက်ငင်းမဟုတ်သော ချေးငွေ | | | | |
| ၂၉။ ဆိုင်းငံ့အခွန်ပေးရန်တာဝန်များ | | | | |
| ၃၀။ လက်ငင်းမဟုတ်သော လျာထားငွေ | | | | |
| ၃၁။ လက်ငင်းမဟုတ်သော ဆိုင်းငံ့ထားသည့် ဝင်ငွေ | | | | |
| ၃၂။ အခြားလက်ငင်းမဟုတ်သော ပေးရန်တာဝန်များ | | | | |
| **၃၃။ စုစုပေါင်း လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ (၂၈+၂၉+၃၀+၃၁+၃၂)** | | | | |
| **လက်ငင်းပေးရန် တာဝန်များ** | | | | |
| ၃၄။ ကုန်သွယ်မှုနှင့်အခြားပေးရန် တာဝန်များ | | | | |
| ၃၅။ ကုန်ကျစရိတ်နှင့် ခန့်မှန်းရငွေကို ကျော်လွန်သော စာချုပ်အရ ငွေတောင်းခံမှု | | | | |
| ၃၆။ ကာလတိုချေးငွေများ | | | | |
| ၃၇။ လက်ငင်းအခွန်ပေးရန်တာဝန်များ | | | | |
| ၃၈။ လက်ငင်းလျာထားငွေ | | | | |
| ၃၉။ လက်ငင်းဆိုင်းငံ့ဝင်ငွေ | | | | |
| ၄၀။ ရောင်းရန်အတွက် ရည်ရွယ်၍ ကိုင်ဆောင်ထားသော ပိုင်ဆိုင်ပစ္စည်းများနှင့်ယှတ်သက်သည့် ပေးရန်တာဝန် များ | | | | |
| ၄၁။ အခြားလက်ငင်းပေးရန်တာဝန်များ | | | | |
| **၄၂။ စုစုပေါင်း လက်ငင်းပေးရန် တာဝန်များ(၃၄+၃၅+ ၃၆+ ၃၇+၃၈+၃၉+၄၀+၄၁)** | | | | |
| **၄၃။ စုစုပေါင်း ပေးရန်တာဝန်များ (၃၃+၄၂)** | | | | |
| **၄၄။ စုစုပေါင်းပိုင်ဆိုင်ခွင့်နှင့်ပေးရန် တာဝန်များ(၂၇+၄၃) (၂၁=၄၄)** | | | | |

| **အပိုင်းဆ**<br><br>**စာရင်းအရ ဝင်ငွေ (အရှုံး)ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေနှင့် ပြန်လည်စာရင်းကိုက်ညှိခြင်း** | ၃၀-၉-၂၀၂၀ တွင်ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် | |
|---|---|---|
| **၁။ စာရင်းအရ စုစုပေါင်း ဝင်ငွေ (အရှုံး)** | | |
| **၂။ စာရင်းအရ ဝင်ငွေခွန်** | | |
| **၃။ စာရင်းတွင်မပါသော ဝင်ငွေခွန်ကျသင့်စေသည့် ဝင်ငွေ**(ပူးတွဲစာရင်းတင်ပြရန်) | | |
| **၄။ စာရင်းတွင်ရှိပြီး ဤကြေညာလွှာတွင် နုတ်ပယ်ထားခြင်းမရှိသော အသုံးစရိတ်များ** | | |
| (က) ဝင်ငွေ ၏ ၂၅% သတ်မှတ်ချက်ထက် ကျော်လွန်သော ထည့်ဝင်ပေးကမ်းမှုများ | | |
| ( ခ ) အခွန်ထက်ကျော်လွန်သော စာရင်းအရ တန်ဖိုးလျှော့ | | |
| ( ဂ ) မဆီလျော်သည့် စရိတ် (လာဘ်ပေးခြင်း၊ ဒဏ်ငွေများ နှင့် ပြစ်ဒဏ်များ အစရှိသည်) | | |
| (ဃ) လုပ်ငန်းပမာဏနှင့် မမျှအောင် များသည့် စရိတ် | | |
| ( င ) မတည်ငွေရင်း ဆုံးရှုံးမှု | | |
| ( စ ) အခွန်အရ ခွင့်မပြုသည့် အခြားအသုံးစရိတ်များ (ပူးတွဲတင်ပြရန်) | | |
| (ဆ) **စုစုပေါင်း အသုံးစရိတ်များ** (၄က+၄ခ+၄ဂ+၄ဃ+၄င+၄စ) | | |
| **၅။ စုစုပေါင်း (၁+၂+၃+၄ဆ)** | | |
| **၆။ စာရင်းတွင် ပါရှိသော အခွန်ကင်းလွတ်သည့် ဝင်ငွေ**(ပူးတွဲစာရင်းတင်ပြရန်) | | |
| **၇။ အခြေပစ္စည်းမှ မြတ်စွန်းငွေ** | | |
| **၈။ စာရင်းအရဝင်ငွေတွင် ခုနှိမ်ထားခြင်းမရှိသော ဤကြေညာလွှာပါ အထူးနုတ်ပယ်ခွင့်များ** | | |
| (က) စာရင်းထက် ပိုမိုသော အခွန်တန်ဖိုးလျှော့ | | |
| ( ခ ) အထူးသက်သာခွင့်များ (အပိုင်း ဃ ၊ အလျားကွက် ၅ + အလျားကွက် ၇) | | |
| ( ဂ ) COVIC-19 စီးပွားရေးကုစားမှုအစီစဉ် (COVID-19 Economic Relief Plan) အရ စရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုခြင်း (အပိုင်း ဃ အလျားကွက် ၂ဂ) | | |
| ( ဃ ) စာရင်းတွင်မဖော်ပြထားသော အခြားသက်သာခွင့်များ (ပူးတွဲစာရင်းတင်ပြရန်) | | |
| (င) စုစုပေါင်းသက်သာခွင့်များ (၈က+၈ခ+၈ဂ+၈ဃ) | | |
| **၉။ စုစုပေါင်း (၆+၇+၈င)** | | |
| **၁၀။ စုစုပေါင်းအခွန်စည်းကြပ်မည့် ဝင်ငွေ (၅-၉). (အပိုင်း ဃ အလျားကွက် ၁၂)** | | |

| **ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက် (ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူမရှိပါက ဤအပိုင်းကို ဖြည့်သွင်းရန်မလိုပါ။)** | | | |
|---|---|---|---|
| အထက်ဖော်ပြပါအချက်အလက်များသည် ကျွန်ုပ် သိရှိ ယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း၊ ၎င်းအပြင် ၃၀-၉-၂၀၂၀ နေ့တွင်ကုန်ဆုံးသော ဝင်ငွေနှစ်အတွင်းတွင် ယခုတင်ပြထားသော ဝင်ငွေအပြင် အခြားဝင်ငွေများမရှိပါကြောင်း ကျွန်ုပ်သိရသော အချက်အလက်အားလုံးအရ ဝန်ခံလက်မှတ်ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်း လိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။) | | | |
| ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ လက်မှတ် | | ရက်စွဲ(ရက်၊လ၊နှစ်) | |
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ၏ အမည် | | အခွန်ထမ်းမှတ်ပုံတင် အမှတ် | |
| လုပ်ငန်းအမည် | | လုပ်ငန်းလိပ်စာ | |
| လုပ်ငန်း၏ အခွန်ထမ်း မှတ်ပုံတင်အမှတ် | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလိပ်စာ | |

**အခွန်ထမ်း(သို့) ကိုယ်စားလှယ် ၏ ဝန်ခံချက်**

အထက်ဖော်ပြပါအချက်အလက်များသည် ကျွန်ုပ် သိရှိ ယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း၊ ၎င်းအပြင် ၃၀-၉-၂၀၂၀ နေ့တွင်ကုန်ဆုံးသော ဝင်ငွေနှစ်အတွင်းတွင် ယခုတင်ပြထားသော ဝင်ငွေအပြင် အခြားဝင်ငွေများ မရှိပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။
(မှတ်ချက်။ စာရွက်စာတမ်း လိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)

| | | | |
|---|---|---|---|
| လက်မှတ် | | ရက်စွဲ<br>(ရက်၊လ၊နှစ်) | |
| ပုဂ္ဂိုလ်စုကိုယ်စား သို့မဟုတ်<br>အစိုးရအဖွဲ့အစည်းကိုယ်စားလက်မှတ်ရေးထိုးသူဖြစ်ပါက<br>နာမည်အပြည့်အစုံကိုဖော်ပြပါ။ | | ရာထူး | |

# ၂၀၁၉/၂၀၂၀ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပုဂ္ဂိုလ်စုဝင်ငွေခွန်ကြေညာလွှာ

(၂၀၁၉ အောက်တိုဘာ ၁ရက်မှ ၂၀၂၀ စက်တင်ဘာ ၃၀ရက် ဝင်ငွေနှစ်အတွက် တင်သွင်းရမည့် နှစ်ချုပ်ဝင်ငွေခွန်ကြေညာလွှာ)

**၁၇-၆-၂၀၂၀ ရက်စွဲပါ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၆၅/၂၀၂၀ အရ အသုံးစရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုသည့်ကိစ္စရပ်နှင့် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ပြုခြင်းကိစ္စရပ်များနှင့် ပတ်သက်သည့်တွက်ချက်မှု**

၁။ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ အမိန့်နှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပြီး တွက်ချက်ထားသည့် ဇယားတစ်ခုစီနှင့်စပ်လျဉ်းသည့် အသေးစိတ်စာရင်းများကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်-

**ဇယား - ၁**

**ဝန်ထမ်း/အလုပ်သမားစရိတ်တွက်ချက်မှု (အသေးစိတ်တွက်ချက်မှုစာရင်းပူးတွဲတင်ပြရန်ဖြစ်ပါသည်။)**

| စဉ် | အကြောင်းအရာ | ယခုနှစ်ပမာဏ | ယခင်နှစ်ပမာဏ | ထပ်တိုးပမာဏ |
|---|---|---|---|---|
| (က) | (ခ) | (ဂ) | (ဃ) | (င)<br>(ဂ) - (ဃ) |
| ၁။ | အရောင်းကုန်ကျစရိတ်တွင် ထည့်သွင်းထားသည့် ဝန်ထမ်း/အလုပ်သမားစရိတ် | | | |
| ၂။ | အထွေထွေနှင့်စီမံခန့်ခွဲမှုစရိတ် ခေါင်းစဉ်အောက်တွင် ထည့်သွင်းထားသည့် ဝန်ထမ်း/ အလုပ်သမားစရိတ် | | | s |
| ၃။ | ......................ခေါင်းစဉ်အောက်တွင် ထည့်သွင်းထားသည့် ဝန်ထမ်း/ အလုပ်သမားစရိတ် | | | |
| ၄။ | စုစုပေါင်း ထပ်တိုးပေးချေရသည့် ဝန်ထမ်း/အလုပ်သမားစရိတ် (အလျားကွက် ၁(င)+၂(င)+၃(င)) | | | |
| ၅။ | ထပ်တိုးပေးချေရသည့် ဝန်ထမ်း/အလုပ်သမားစရိတ်အပေါ် အသုံးစရိတ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုသည့် ပမာဏ (အလျားအကွက် ၄(င) x ၂၅%) | | | |
| ၆။ | ထပ်တိုးပေးချေရသည့် ဝန်ထမ်း/အလုပ်သမားစရိတ်အပေါ် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ပြုသည့် ပမာဏ (အလျားကွက် ၄(င) x ၁၀%) | | | |

မှတ်ချက်။ အလျားကွက်(၅)မှ ပမာဏ ကို ဝင်ငွေခွန်ကြေညာလွှာ အပိုင်း (ဃ) အလျားကွက် ၂၈ တွင်ဖြည့်ရန်ဖြစ်ပါသည်။
အလျားကွက်(၆)မှ ပမာဏကို ဝင်ငွေခွန်ကြေညာလွှာ အပိုင်း(င) အလျားကွက် ၅ တွင်ဖြည့်ရန်ဖြစ်ပါသည်။

**ဇယား - ၂**

**မ-တည်အပိုင်ပစ္စည်း (Capital Equipment) များအတွက် တွက်ချက်မှု (အသေးစိတ်တွက်ချက်မှုစာရင်းပူးတွဲတင်ပြရန်ဖြစ်ပါသည်။)**

| စဉ် | အကြောင်းအရာ | ထပ်တိုးပမာဏ |
|---|---|---|
| (က) | (ခ) | (ဂ) |
| ၁။ | အမိန့်ကြော်ငြာစာ ၆၅/၂၀၂၀ ပါ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မ-တည်အပိုင်ပစ္စည်းတန်ဖိုး (ကုန်သွယ်လုပ်ငန်းခွန်မပါ တန်ဖိုး) | |
| ၂။ | အလျားကွက်(၁)နှင့် သက်ဆိုင်သည့် တန်ဖိုးလျော့ပမာဏ | |
| ၃။ | ထပ်တိုး မ-တည်အပိုင်ပစ္စည်းများအတွက် တန်ဖိုးလျော့စရိတ်ကို တိုးမြှင့်နုတ်ပယ်ခွင့်ပြုသည့် ပမာဏ (အလျားအကွက် ၂(ဂ) x ၂၅%) | |
| ၄။ | မ-တည်အပိုင်ပစ္စည်းများတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် ပြန်အမ်းငွေရပိုင်ခွင့် မရှိသည့် အခွန်ခုနှိမ်ခွင့်ပြုသည့် ပမာဏ (အလျားအကွက် ၁(ဂ) x ၁၀%) | |

မှတ်ချက်။ အလျားကွက်(၃)မှ ပမာဏ ကို ဝင်ငွေခွန်ကြေညာလွှာ အပိုင်း (ဃ) အလျားကွက် ၂၉ တွင် ဖြည့်ရန်ဖြစ်ပါသည်။
အလျားကွက်(၄)မှ ပမာဏကို ဝင်ငွေခွန်ကြေညာလွှာ အပိုင်း(င) အလျားကွက် ၆ တွင် ဖြည့်ရန်ဖြစ်ပါသည်။

၂။ အထက်ပါ တွက်ချက်မှုများအရ ပမာဏများမှာ အမိန့်ကြော်ငြာစာ ၆၅/၂၀၂၀ လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် “ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ” နှင့် “မ-တည်အပိုင်ပစ္စည်း (Capital Equipment)များတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှု” များကို တွက်ချက်တင်ပြထားခြင်းဖြစ်ပါကြောင်းနှင့် အခွန်ဆိုင်ရာသက်သာခွင့်များကို အခွန်ရှောင်ရှားလိုသော ရည်ရွယ်ချက်ဖြင့် ရယူကြောင်း သို့မဟုတ် မမှန်ကန်သော ဖော်ပြချက်များတင်ပြ၍ ရရှိခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အခွန်ဆိုင်ရာသက်သာခွင့်အား ငြင်းပယ်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်း ဆောင်ရွက်နိုင်သည်ကို သိရှိပြီးဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

<table>
<tr><th colspan="4">ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက် (ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ မရှိပါက ဤအပိုင်းကို ဖြည့်သွင်းရန်မလိုပါ။)</th></tr>
<tr><td colspan="4">အထက်ဖော်ပြပါအချက်အလက်များသည် ကျွန်ုပ် သိရှိ ယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ကျွန်ုပ်သိရသော အချက်အလက် အားလုံးအရ ဝန်ခံလက်မှတ်ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်း လိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)</td></tr>
<tr><td>ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ လက်မှတ်</td><td></td><td>ရက်စွဲ(ရက်၊လ၊နှစ်)</td><td></td></tr>
<tr><td>ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ၏ အမည်</td><td></td><td>အခွန်ထမ်းမှတ်ပုံတင် အမှတ်</td><td></td></tr>
<tr><td>လုပ်ငန်းအမည်</td><td></td><td rowspan="2">လုပ်ငန်းလိပ်စာ</td><td></td></tr>
<tr><td>လုပ်ငန်း၏ အခွန်ထမ်း မှတ်ပုံတင်အမှတ်</td><td></td><td></td></tr>
<tr><td>ဆက်သွယ်ရန်ဖုန်းနံပါတ်</td><td></td><td>အီးမေးလိပ်စာ</td><td></td></tr>
</table>

<table>
<tr><th colspan="4">အခွန်ထမ်း(သို့) ကိုယ်စားလှယ် ၏ ဝန်ခံချက်</th></tr>
<tr><td colspan="4">အထက်ဖော်ပြပါအချက်အလက်များသည် ကျွန်ုပ် သိရှိ ယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်းဝန်ခံလက်မှတ်ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်း လိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)</td></tr>
<tr><td>လက်မှတ်</td><td></td><td>ရက်စွဲ (ရက်၊လ၊နှစ်)</td><td></td></tr>
<tr><td>ပုဂ္ဂိုလ်စုကိုယ်စား သို့မဟုတ် အစိုးရအဖွဲ့အစည်းကိုယ်စားလက်မှတ်ရေးထိုးသူဖြစ်ပါက နာမည်အပြည့်အစုံကိုဖော်ပြပါ။</td><td></td><td>ရာထူး</td><td></td></tr>
</table>

# ၂၀၁၉/၂၀၂၀ ညွှန်ကြားချက်များ

## ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

## ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိ ဝင်ငွေနှစ်အတွက်- ပုဂ္ဂိုလ်စု ဝင်ငွေခွန်ကြေညာလွှာ

## ပုံစံ-ပတခ(ဝင)-၁က

## ယေဘုယျ ညွှန်ကြားချက်များ

### ဝင်ငွေခွန် ကြေညာလွှာ တင်သွင်းရမည့်သူများ။

**ပြည်တွင်းနေနိုင်ငံသား၊ ပြည်တွင်းနေနိုင်ငံခြားသား၊ ပြည်ပနေနိုင်ငံသား(ပြည်တွင်းပုဂ္ဂိုလ်စု၊ ကုမ္ပဏီ၊ သမဝါယမအသင်းနှင့် နိုင်ငံပိုင်အဖွဲ့အစည်းများပါဝင်သည်။)** ယေဘုယျအားဖြင့် သင်သည် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ဝင်ငွေရလမ်းတစ်နည်းနည်းဖြင့်ရရှိသည့် စုစုပေါင်းဝင်ငွေအားလုံး (အခွန်ကင်းလွတ်ခွင့်ရသည့် ဝင်ငွေမှအပ) အပေါ် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ကာလ (ဘဏ္ဍာရေးနှစ်) အတွက် ကျသင့်သည့် အခွန်ကို တွက်ချက်ပြီး အခွန်ကြေညာလွှာကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း တင်သွင်းရမည်။ အောက်ပါ အမိပ္ပါယ်ဖွင့်ဆိုချက်များကို ကြည့်ပါ။

သို့ရာတွင် အောက်တွင်ဖော်ပြထားသော အချက်များမှ တစ်ချက်ချက်နှင့် အကျုံးဝင်ပါက ဝင်ငွေခွန်ကြေညာလွှာ တင်သွင်းရန် မလိုအပ်ပါ-

- လစာဝင်ငွေတစ်မျိုးတည်းသာ ရရှိသော အခွန်ထမ်းဖြစ်ပါက (နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်၍ နိုင်ငံခြားငွေကြေးဖြင့် ရရှိသည့်ဝင်ငွေမှအပ)

သင်သည် ဝင်ငွေခွန်ကြေညာလွှာ တင်သွင်းရန် မလိုအပ်သော်လည်း ပြန်အမ်းငွေရရန်ရှိပါက ထိုပြန်အမ်းငွေကို ရရှိလိုလျှင် ကြေညာလွှာ တင်သွင်းရမည်။

သင်သည် ဝင်ငွေခွန်ကြေညာလွှာတင်သွင်းရန် လိုအပ်ပါက ပုံစံ- ပတခ(ဝင)-၁က ပုဂ္ဂိုလ်စုဝင်ငွေခွန်ကြေညာလွှာ သို့မဟုတ် ပုံစံ- ပတခ(ဝင)-၁ခ တစ်ဦးချင်းဝင်ငွေခွန် ကြေညာလွှာကို တင်သွင်းရမည်။

**ပြည်ပနေနိုင်ငံခြားသား (ပြည်ပပုဂ္ဂိုလ်စု၊ ကုမ္ပဏီ၊ သမဝါယမအသင်းနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ ပါဝင်သည်။) သင်သည် ပြည်တွင်းမှ တစ်နည်းနည်းဖြင့် ရသည့် စုစုပေါင်းဝင်ငွေကို** ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ကာလ (ဘဏ္ဍာရေးနှစ်)အတွက် ကျသင့်သည့်အခွန်ကို တွက်ချက်ပြီး အခွန်ကြေညာလွှာကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း တင်သွင်းရမည်။ ပြည်ပမှ ရသောဝင်ငွေနှင့် ပြည်တွင်းမှရသည့် အခွန်ကင်းလွတ်ခွင့်ရသော ဝင်ငွေမပါဝင်ပါ။ အောက်ပါ အဓိပ္ပါယ် ဖွင့်ဆိုချက်များကို ကြည့်ပါ-

**အခွန်ကင်းလွတ်ခွင့်ရသည့်ဝင်ငွေ။** အောက်ဖော်ပြပါ ဝင်ငွေအမျိုးအစားများသည် အခွန်ကင်းလွတ်ခွင့်ရသည့် ဝင်ငွေများဖြစ်ပြီး ဤကြေညာလွှာတွင်ထည့်သွင်းဖော်ပြရန် မလိုအပ်ပါ-

- ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်း တစ်ခုခုက ရရှိ၍၊ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက်သက်သက် အသုံးပြုသောဝင်ငွေ၊
- ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ အခွန်အခရရှိငွေ၊
- ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ရရှိသောငွေနှင့် လုပ်သက်ဆုငွေ၊
- သေဆုံး၍ သို့မဟုတ် ဒဏ်ရာရ၍ရရှိသည့်လျော်ကြေး၊
- အာမခံပေါ်လစီအတွက် ထုတ်ပေး၍ ရရှိငွေ၊
- အဖန်တလဲလဲမဟုတ်ဘဲ တစ်ခါတစ်ရံရရှိသည့်ငွေ၊ (လုပ်ငန်းတစ်ရပ်ရပ်မှရရှိသည့်ဝင်ငွေ သို့မဟုတ် အခြေပစ္စည်းမှမြတ်စွန်းငွေတို့ မပါဝင်စေရ)။ အခြေပစ္စည်းမှမြတ်စွန်းငွေကို အခြေပစ္စည်းမှမြတ်စွန်းငွေ ကြေညာလွှာဖြင့် သီးသန့် တင်သွင်းရမည်။
- ပုဂ္ဂိုလ်စုတစ်ခုခုမှ ဝင်ငွေခွန်ပေးဆောင်ပြီး ရရှိသည့် အမြတ်ဝေစု၊
- အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ် အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ်စုစုပေါင်း အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထက်မပိုသောဝင်ငွေ၊ ကျပ်သိန်း ၁၀၀ ထက် ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေ အပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်မည်။
- မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ရရှိသည့်

ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၊

- တရားမဝင်ပစ္စည်းများဖမ်းဆီးရရှိမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ရရှိသည့် ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့်စုစုပေါင်းဝင်ငွေ၊
- နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့် အတူ ရရှိသည့် ချီးမြှင့်ငွေများ၊
- ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊
- အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှထုတ်ယူရရှိငွေ၊
- အငြိမ်းစားယူသည့်အခါ ရရှိသည့် ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ(Gratuity)၊
- ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ၊
- ပြည်ထောင်စုအစိုးရသည် အောက်ပါဝင်ငွေ အမျိုးအစားများနှင့် စပ်လျဉ်း၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးခြင်းကို ပြုလုပ်နိုင်သည်-
    - ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းခြင်းမှ ရရှိသည့်ဝင်ငွေ၊
    - နိုင်ငံတော်အတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ပေးအပ်သည့် အထောက်အပံ့များ၊
    - နိုင်ငံတော်မှရယူသည့် သက်သာသောချေးငွေ သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေတို့အတွက် ပေးချေရသည့်အတိုး၊
    - သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့လှူဒါန်းသည့် ပစ္စည်း သို့မဟုတ် အလှူငွေ
- ကုလသမဂ္ဂ၊ သံတမန်၊ ကောင်စစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်အထူး စီးပွားရေးဇုန်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပြဋ္ဌာန်းထားသည့် အခွန်ကင်းလွတ်ခွင့်ရသည့်ဝင်ငွေ၊

## အဓိပ္ပါယ်ဖော်ပြချက်များ

**ပုဂ္ဂိုလ်စု**။ ပုဂ္ဂိုလ်စုဆိုသည်တွင် အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့၊ သမဝါယမအသင်းနှင့် နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများ ပါဝင်သည်။

**စီးပွားရေးလုပ်ငန်း**။ စီးပွားရေးလုပ်ငန်းဟုဆိုသည်တွင် မည်သည့် ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ သို့မဟုတ် ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းများနှင့်သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသော လုပ်ငန်းများနှင့် မည်သည့်ဝန်ဆောင်မှုလုပ်ငန်းများမဆို ပါဝင်သည်။ ထို့ပြင် ငွေချေးသက်သေခံ လက်မှတ်များကို နှစ်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းသဖွယ် အဖန်တလဲလဲ ဝယ်ယူခြင်း၊ လဲလှယ်၊ လွှဲပြောင်းခြင်းနှင့် အတိုးရရန် ရင်းနှီးမြှုပ်နှံခြင်းတို့ပါဝင်သည်။

**ပြည်တွင်းနေနိုင်ငံခြားသား**။ ပြည်တွင်းနေနိုင်ငံခြားသားဆိုသည်မှာအောက်ပါတို့ကိုဆိုသည်-

- ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ် အရဖြစ်စေ တည်ထောင်၍ နိုင်ငံခြားသား အစုရှင်များဖြင့် ဖွဲ့စည်းထားသည့် သို့မဟုတ် နိုင်ငံခြားသားအစုရှင်များပါဝင်သည့် ကုမ္ပဏီ၊
- ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုဖြစ်ပါက မိမိလုပ်ငန်းရေးရာ အဝဝစီမံအုပ်ချုပ်ခြင်းနှင့် ဆုံးဖြတ်ခြင်းကိစ္စအားလုံးကို မြန်မာနိုင်ငံအတွင်းထားရှိ ဆောင်ရွက်သော နိုင်ငံခြားသားများဖြင့် ဖွဲ့စည်းထားသည့် သို့မဟုတ် နိုင်ငံခြားသားများ ပါဝင်သည့် ပုဂ္ဂိုလ်စု။

**ပြည်ပနေနိုင်ငံခြားသား**။ ပြည်ပနေနိုင်ငံခြားသားဆိုသည်မှာ ပြည်တွင်းနေနိုင်ငံခြားသား မဟုတ်သည့် နိုင်ငံခြားသားကို ဆိုလိုသည်။

**ပြည်ပနေနိုင်ငံသား**။ ပြည်ပနေနိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံပြင်ပတွင် နှစ်တစ်နှစ်၌ မည်သည့်ကာလ အပိုင်းအခြားမဆို နေထိုင်အလုပ်လုပ်ကိုင်၍ ထိုပြင်ပတွင် ဝင်ငွေရရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားကို ဆိုသည်။ နိုင်ငံသားဆိုသည်တွင် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူများ ပါဝင်သည်။

**ကုမ္ပဏီ**။ ကုမ္ပဏီဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင်ဖြစ်စေ၊ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ ပြည်ထောင်စု အစိုးရက ကုမ္ပဏီအဖြစ် သတ်မှတ်သော မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားစီးပွားရေးအဖွဲ့အစည်းများပါဝင်သည်။

## ကြေညာလွှာတင်သွင်းရမည့် အချိန်နှင့် အခွန်ပေးဆောင်ရမည့်အချိန်။

- ကြေညာလွှာကို ဖြည့်စွက်ပြီး ကျသင့်အခွန်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့ထက် နောက်မကျစေဘဲ တင်သွင်းရမည်။ ယင်းနှစ်တွင် လုပ်ငန်းရပ်စဲပါက ထိုလုပ်ငန်းရပ်စဲသည့် နေ့မှစ၍ တစ်လထက် နောက်မကျစေဘဲ ဝင်ငွေကြေညာလွှာကို တင်သွင်းရမည်။ အလားတူပင်

ဖျက်သိမ်း သို့မဟုတ် လုပ်ငန်းရပ်စဲသော ကုမ္ပဏီများ အနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်းပြုရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဆိုင်ရာ ညွှန်ကြားမှုရုံးသို့ အကြောင်းကြားရမည်။

## ဒဏ်ကြေးငွေများ

ကြေညာလွှာ တင်သွင်းထိုက်သူ ဖြစ်သော်လည်း သတ်မှတ်ထားသည့် ကာလအတွင်း တင်သွင်းရန် ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေ နှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅% အပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁%၊
- ငွေကျပ်တစ်သိန်း။

ပေးဆောင်ရမည့်အခွန်ပမာဏတွင် အရစ်ကျ ပေးဆောင်ရသည့် အခွန်များလည်းပါဝင်သည်။

ကြေညာလွှာအချိန်မီတင်သွင်းခြင်း သို့မဟုတ် သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်နိုင်ခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ အချိန်တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ သတ်မှတ်ချက်များနှင့်အညီ ကြိုတင်လျှောက်ထား၍ ခွင့်ပြုချက်ရရှိပါက ဒဏ်ကြေးငွေချမှတ်ခြင်းနှင့် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရခြင်းမှ လွတ်ကင်းနိုင်ပါသည်။

ကြေညာလွှာတွင် မမှန်ကန်သောဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားခဲ့သောအကြောင်းအချက်တစ်ခုခုနှင့်စပ်လျဉ်း၍ အခွန်ကိုလျော့နည်း ပေးဆောင်ခဲ့ခြင်း သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိပြီး အဆိုပါဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားချက်သည် အခွန်ထမ်းက ကြိုတင်ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းဖြစ်ပါက အောက်ဖော်ပြပါ ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပေးဆောင်ရမည်-

- လျော့နည်းပေးဆောင်သည့် အခွန်ပမာဏသည် ကျပ်သိန်း ၁၀၀၀ ထက် ကျော်လွန်လျှင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀% ထက် ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၇၅%၊
- အထက်ပါအချက်နှင့် အကျုံးမဝင်ပါက လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၂၅%။

မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သောဖော်ပြချက်ကို တင်ပြသဖြင့် စည်းကြပ်မှုပြုလုပ်ရာတွင် အမှန်ပေးဆောင်ရန် တာဝန်ရှိသော အခွန် အောက်လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိလျှင်ဖြစ်စေ၊ အမှန်ပြန်အမ်းရမည့်ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ်ရှိလျှင်ဖြစ်စေ ဒဏ်ကြေးငွေတစ်သိန်းငါးသောင်း အပြင် အောက်ပါ ဒဏ်ကြေးငွေတို့အနက် များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- အမှန်ကျသင့်သည့်အခွန်နှင့် လျော့နည်းစည်းကြပ်ခဲ့နိုင်ဖွယ်ရှိသည့်အခွန်တို့၏ ခြားနားသည့်ပမာဏ၊
- အမှန်ပြန်အမ်းရမည့်ငွေကြေးနှင့် ပိုမိုပြန်အမ်းခဲ့နိုင်ဖွယ်ရှိသည့်ငွေကြေးတို့၏ ခြားနားသည့်ပမာဏ။

အခွန်ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်းသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုဆောင်ရွက်ခြင်းကို တမင်ဟန့်တားခြင်း သို့မဟုတ် ဟန့်တားရန် အားထုတ်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်း ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

## ကြေညာလွှာဖြည့်သွင်းပုံနည်းစနစ်။

သက်ဆိုင်ရာ အပိုင်းတွင်သာဖြည့်ရမည်။ ငွေပမာဏ အားလုံးကို ကျပ်ငွေဖြင့် ရေးသွင်းရမည်။ ပူးတွဲတင်ပြလာသည့် မည်သည့် စာရင်းဇယား သို့မဟုတ် စာရွက်စာတမ်းများတွင်လည်း ငွေပမာဏများကို ကျပ်ငွေဖြင့် ရေးသွင်းရမည်။ နိုင်ငံခြားငွေဖြင့် ရရှိသောဝင်ငွေ သို့မဟုတ် ကုန်ကျသော အသုံးစရိတ်များအတွက် ယင်းဝင်ငွေရရှိသည့် သို့မဟုတ် ယင်းအသုံးစရိတ် ကုန်ကျသည့် နေ့စွဲတွင် အသုံးပြုလျက် ရှိသည့် ငွေလဲနှုန်းဖြင့် ယင်းနိုင်ငံခြားငွေ ပမာဏကို ကျပ်ငွေ သို့ ပြောင်းလဲရမည်။

အပိုင်း(က)မှ (ဂ) အထိ ပြည်တွင်းရငွေကို ဒေါင်လိုက်ကွက်(က)တွင်ရေးသွင်း၍ ပြည်ပရငွေကို ဒေါင်လိုက်ကွက်(ခ)တွင် ရေးသွင်းပါ။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါကဒေါင်လိုက်ကွက်(ခ)တွင် ရေးသွင်းရန် မလိုအပ်ပါ။

**သင် ဖြည့်စွက်ရမည့် အပိုင်းများ၏ ညွှန်ကြားချက်များကို သေချာစွာဖတ်ပါ။** မိမိဘာသာ နားလည်နိုင်သည့် အလျားကွက်များအတွက် ညွှန်ကြားချက် မပါရှိပါ။

အထူးသဖြင့် စာမျက်နှာ ၈ ရှိ **အခွန်ထမ်း(သို့) ကိုယ်စားလှယ်၏ကတိဝန်ခံချက်**တွင် လက်မှတ်ထိုးရပါမည်။ အကယ်၍ တစ်စုံတစ်ဦးအား ဆောင်ရွက်ခပေး၍ အခွန်ကြေညာလွှာကို ဖြည့်သွင်းစေပါက ထိုသူသည် စာမျက်နှာ ၈ ရှိ **ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူကတိဝန်ခံချက်**တွင် လက်မှတ်ထိုးရပါမည်။ စာရွက်စာတမ်း လိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း သတိပြုစေလိုပါသည်။

## ပုဂ္ဂိုလ်စုဝင်ငွေခွန်ကြေညာလွှာအတွက်

## အသေးစိတ် ညွှန်ကြားချက်များ

## အခွန်ထမ်း၏ကိုယ်ရေးအချက်အလက်

### အလျားကွက်(ဃ)

- ဤကြေညာလွှာသည် အခွန်ထမ်းတစ်ဦးအတွက် ပထမဆုံးအကြိမ် တင်သွင်းသည့် ဝင်ငွေခွန်ကြေညာလွှာ ဖြစ်ပါက "ပြည်တွင်းအခွန်များဦးစီးဌာနထံသို့ တင်သွင်းသည့် ကနဦးကြေညာလွှာ"ကို အမှတ်ခြစ်ပါ။
- ဤအခွန်ထမ်းအတွက် နောက်ဆုံးတင်သွင်းသော ကြေညာလွှာဖြစ်ပါက "ပြည်တွင်းအခွန်များဦးစီးဌာနထံသို့ တင်သွင်းသည့်အပြီးသတ် ကြေညာလွှာ"ကို အမှတ်ခြစ်ပါ။ (ဥပမာ - လုပ်ငန်းပိတ်သိမ်းလိုက်ခြင်းကြောင့် အဆိုပါ အခွန်ထမ်းမရှိတော့သော အခြေအနေမျိုး)
- ၂၀၁၉/၂၀၂၀ ဝင်ငွေနှစ်အတွက် ယခင်တင်သွင်းထားသော ကြေညာလွှာကို ပြင်ဆင်ခြင်းဖြစ်ပါက "၂၀၁၉/၂၀၂၀ ဝင်ငွေနှစ်အတွက် ပြင်ဆင်ထားသည့် ကြေညာလွှာ"ကို အမှတ်ခြစ်ပါ။
- သင့်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်အရ ကင်းလွတ်ခွင့်/အထူးစီးပွားရေးဇုန် ဥပဒေအရ ကင်းလွတ်ခွင့် တောင်းခံပါက "MIC/SEZ ကင်းလွတ်ခွင့်" ကို အမှတ်ခြစ်ပါ။ ကင်းလွတ်ကြောင်း ခွင့်ပြုမိန့် မိတ္တူနှင့် တကွ ကင်းလွတ်ခွင့်ရသည့် ဝင်ငွေပမာဏ တွက်ချက်ထားပုံကို ပူးတွဲတင်ပြပါ။
- သင်အနေဖြင့် နိုင်ငံတော်က ရယူဆောင်ရွက်သည့် ထောက်ပံ့ ငွေများ (Grant Aid) / သက်သာသောချေးငွေ (Concessional Loan) တို့ဖြင့် ဆောင်ရွက်ခြင်းအတွက် အခွန်ကင်းလွတ်ခွင့်တောင်းခံပါက "Grant Aid/ Concessional Loan အရ ကင်းလွတ်ခွင့်" ကို အမှတ်ခြစ်ပါ။ ကင်းလွတ်ကြောင်း ခွင့်ပြုမိန့် မိတ္တူနှင့် တကွ ကင်းလွတ်ခွင့်ရသည့် ဝင်ငွေပမာဏ တွက်ချက်ထားပုံကို ပူးတွဲတင်ပြပါ။
- ယခင် ကြေညာလွှာတင်သွင်းပြီးနောက်တွင် လိပ်စာပြောင်းလဲသွားပါက "လိပ်စာပြောင်းလဲခြင်း"ကို အမှတ်ခြစ်ပါ။
- ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများဖြစ်ပါက အသားတင်အမြတ်အပေါ် ၂၀ ရာခိုင်နှုန်းဖြင့် အခွန်တွက်ချက်နိုင်ရန်အတွက် "ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်အများပိုင်ကုမ္ပဏီများ" ကို အမှတ်ခြစ်ပါ။
- ယခင်ကြေညာလွှာ တင်သွင်းပြီး နောက်တွင်ငွေစာရင်း သို့မဟုတ် စာရင်းတန်ဖိုး သတ်မှတ်မှုနည်းလမ်း ပြောင်းလဲပါက "ငွေစာရင်းထားရှိသည့်နည်းလမ်း (သို့မဟုတ်) ကုန်လက်ကျန် တန်ဖိုးသတ်မှတ်မှုနည်းလမ်း ပြောင်းလဲခြင်း"ကို အမှတ်ခြစ်ပါ။

## အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက်

အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက် ဖြည့်သွင်းရန် နေရာတွင် သင်၏ အကောက်ခွန် IE Code နှင့် Industry Code တို့ကို ဖြည့်သွင်းပါ။

## အပိုင်း (က) စီးပွားရေးလုပ်ငန်းမှဝင်ငွေနှင့် အသုံးစရိတ်များ

**စာရင်းပြုစုနည်း။** ယေဘုယျအားဖြင့် ရ/သုံးစာရင်းများ ပြုစုရန် မြန်မာနိုင်ငံစာရင်းကိုင်စံများကို အသုံးပြုရမည်။ သို့သော် လူတစ်ဦး တစ်ယောက်အနေနှင့် ငွေကိုင်နည်း (cash method of accounting) သို့မဟုတ် အခြားသင့်တင့်သော စာရင်းပြုစုနည်းကို အသုံးပြုနိုင်သည်။ ငွေကိုင်နည်း ဆိုရာဝယ် ရငွေကို ငွေသားလက်ခံရရှိခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ငွေလက်ခံရရှိသည့် အချိန်တွင် စာရင်းသွင်းခြင်းနှင့် အသုံးစရိတ်များကို ငွေပေးချေသည့် အချိန်တွင် စာရင်းသွင်းခြင်းကို ဆိုလိုသည်။

### အပိုင်း (က) အလျားကွက် ၁

**စီးပွားရေးလုပ်ငန်းမှဝင်ငွေ။** ဤဝင်ငွေကြေညာလွှာတွင် စီးပွားရေးလုပ်ငန်းမှဝင်ငွေဆိုသည်မှာ စီးပွားရေးလုပ်ငန်းမှ ရသော အကျိုးအမြတ်ကို ဆိုလိုသည်။ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေတွင် ရင်းနှီးမြှုပ်နှံမှုမှရသော အတိုးနှုန်းများ၊ ငွေချေးသက်သေခံလက်မှတ်များမှရရှိသောငွေ၊ အကျိုးတူစာချုပ် များ၊ ကုမ္ပဏီကြီး (သို့) လုပ်ငန်းကြီး တစ်ခုခုသို့ ချေးထားသောငွေအတွက် ထုတ်ပေးသောလက်မှတ်၊ ဒီဘင်ချာငွေချေး လက်မှတ်များလည်းပါဝင်သည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေ မပါဝင်ပါ။ အခြေပစ္စည်းမှမြတ်စွန်းငွေကို *အခြေပစ္စည်းမှမြတ်စွန်းငွေ ကြေညာလွှာ*ဖြင့် သီးသန့်တင်သွင်းရမည်။ စီးပွားရေးလုပ်ငန်းမှရသော ဝင်ငွေအမျိုးအစားများကို အောက်တွင် ဖော်ပြထားသည်-

- အခွန်ထမ်းက လုံလောက်သော အကြောင်း တစ်စုံတစ်ရာ မရှိဘဲ အိမ်ထောင်ဘက်နှင့် အိမ်ထောင်မကျသေးသည့် သားသမီးတို့ထံသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းပေးသည့် လုပ်ငန်းမှ ရရှိသည့် ဝင်ငွေ၊
- စီးပွားရေးလုပ်ငန်း ဆက်လက်လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက်သာဟူသော ကန့်သတ်ချက်ဖြင့် လက်ခံ ရရှိငွေ၊
- ယခင်နှစ်တွင် ကြွေးဆုံးအဖြစ် နုတ်ပယ်ခဲ့ရာမှ ပြန်လည်ရရှိငွေ၊
- စီးပွားရေးလုပ်ငန်းမှတင်သောအကြွေး ပယ်ဖျက်မှုကြောင့် ရသောဝင်ငွေ၊

ဤနေရာတွင် ဖော်ပြထားသော ဝင်ငွေအမျိုးအစား တစ်ခုချင်းစီ အတွက် **အသေးစိတ်စာရင်း**ကို ပူးတွဲတင်ပြပါ။

သင်၏စီးပွားရေးလုပ်ငန်းအသုံးစရိတ်ကို တွက်ချက်ရာတွင် ကုန်သွယ်လုပ်ငန်းခွန်ကိုထည့်သွင်းတွက်ချက်ခြင်း **မပြုပါနှင့်။**

## အပိုင်း(က)၊ အလျားကွက် ၂က မှ ၂ည

**အသုံးစရိတ်များ။** ယေဘုယျအားဖြင့် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအတွက်ကုန်ကျသည့်စရိတ်များ၊ လုပ်ငန်းဆုံးရှုံးငွေများရှိလျှင် ထိုနှစ်အတွင်း ရရှိသည့် စည်းကြပ်ထိုက်သည့်ဝင်ငွေတွင် နုတ်ယူခွင့်ပေးရမည်။ စီးပွားရေးလုပ်ငန်းအတွက် ကုန်ကျသည့် စရိတ်များတွင် ပစ္စည်းတန်ဖိုးလျော့ငွေပါဝင်သည်။

သင်၏ စီးပွားရေးလုပ်ငန်းအသုံးစရိတ်ကို တွက်ချက်ရာတွင် ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းတွက်ချက်ခြင်း**မပြုပါနှင့်။**

သို့ရာတွင် အောက်ဖော်ပြပါအချက်များအတွက် **နုတ်ပယ်တွက်ချက်ခွင့်** မပြုပါ-

- ကိုယ်ရေးကိုယ်တာစရိတ်(သို့)ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စအတွက် ဆုံးရှုံးငွေ
- ဝင်ငွေခွန်
- ကုန်သွယ်လုပ်ငန်းခွန်
- မတည်ငွေရင်းဆုံးရှုံးမှု
- ပိုင်ဆိုင်မှုပစ္စည်း ရယူခြင်း၊ ထပ်တိုးခြင်းအတွက် အသုံးစရိတ်များ၊ သို့မဟုတ် မတည်ငွေစာရင်း ဆိုင်ရာ ကုန်ကျသည့် အသုံးစရိတ်များ တန်ဖိုး လျော့ခြင်း၊ အတိုးနှုန်း၊ အခွန်များနှင့် လုပ်ငန်း ဆောင်ရွက်ရန် စတင်ချိန်၌ ကုန်ကျသည့်စရိတ် ကဲ့သို့သော သွယ်ဝိုက်ကုန်ကျသည့် စရိတ်များ
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့် စရိတ်များ
- လုပ်ငန်းနှင့် မဆီလျော်သည့် အသုံးစရိတ်များ (လာဘ်ပေးမှုများ၊ ဒဏ်ကြေးနှင့် ပြစ်ဒဏ်များ၊ တရားမဝင် လောင်းကစားရှုံးငွေများ၊ တရားမဝင် သို့မဟုတ် ခိုးရာပါပစ္စည်းများဝယ်ယူခြင်း)
- (သို့မဟုတ်)
- ကုမ္ပဏီနှင့် သမဝါယမအသင်းမဟုတ်သော အဖွဲ့အစည်းတွင် ပါဝင်သူတစ်ဦးဦးအား ပေးသည့်ငွေ (အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအတွက် ပေးငွေ မဟုတ်ပါက)

## အပိုင်း(က)၊ အလျားကွက် ၂က

**အရောင်း သို့မဟုတ် လုပ်ငန်းလည်ပတ်ရန်ကုန်ကျစရိတ်။** အရောင်းထည်ပြုလုပ်နေဆဲ ကုန်ပစ္စည်းစုများကို လည်းကောင်း၊ ကုန်ချော ကုန်ပစ္စည်းစုများကို လည်းကောင်း ထိန်းသိမ်းထားရှိလျှင် ယင်းကဲ့သို့ ကုန်ပစ္စည်းစုများ၏ ကုန်လက်ကျန်စာရင်း ကို ပြုစုထားရှိရမည်။ ဤနေရာတွင် ရောင်းချလိုက်သော ကုန်ပစ္စည်း၏ ကုန်ကျမှုအတွက် နုတ်ယူမည့်ငွေကို ဖြည့်ပါ။ အရောင်းသို့မဟုတ် လုပ်ငန်းလည်ပတ်ရန် ကုန်ကျစရိတ် တွက်ချက်ပုံကို ဖော်ပြထားသည့် **ဇယားတစ်ခုအား** ပူးတွဲတင်ပြပါ။

ရောင်းချလိုက်သောကုန်ပစ္စည်း၏ ကုန်ကျမှုကို နုတ်ယူရန် ယင်းကုန်ပစ္စည်းစုစာရင်းကို စတင်ဖွင့်လှစ်လိုက်သောနှစ်တွင် ကျသင့်ခဲ့သော ကုန်ပစ္စည်းစုကုန်ကျစရိတ်အပေါ် မူတည်တွက်ချက်ရမည်ဖြစ်ပြီးယင်းကုန်ပစ္စည်းစုစာရင်းကို ပိတ်လိုက်ချိန်တွင် ကျသင့်နေမည့် ကုန်ပစ္စည်းစု ကုန်ကျစရိတ်ကို နုတ်ယူရမည်။

## အပိုင်း(က)၊ အလျားကွက် ၂ခ

**အထွေထွေနှင့်အုပ်ချုပ်မှုစရိတ်။** အထွေထွေနှင့် အုပ်ချုပ်မှုစရိတ် အားလုံးကို ဖော်ပြထားသည့် **ဇယား**ကို ထည့်သွင်းတင်ပြပါ။

## အပိုင်း (က) အလျားကွက် ၂ဂ

**ဝန်ထမ်း/အလုပ်သမားစရိတ်များ။** အလျားကွက် ၂က တွင် ထည့်သွင်းထားခြင်းမရှိသည့်ပမာဏများ အားလုံးကို ဤအလျားကွက်တွင် ဖော်ပြပါ။

## အပိုင်း (က) အလျားကွက် ၂စ

**တန်ဖိုးလျော့သက်သာခွင့်။** တန်ဖိုးလျော့သည့် ပိုင်ဆိုင်ပစ္စည်းများအတွက် တန်ဖိုးလျော့ သက်သာခွင့် ရှိသည်။ တန်ဖိုးလျော့နှုန်းများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်အမှတ် ၁၉/၂၀၁၆ နှင့်အညီ တွက်ချက်ပါ။ အောက်ပါ စည်းမျဉ်းများနှင့်အညီ တန်ဖိုးလျော့ သက်သာခွင့် တွက်ချက်ထားပုံ **ဇယား**ကို ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရမည်-

၁။ တန်ဖိုးလျော့သက်သာခွင့်ပြုသည့် ပိုင်ဆိုင်ပစ္စည်းများကို အမျိုးအစားခွဲထားပြီး သက်ဆိုင်ရာ တန်ဖိုးလျော့ရာခိုင်နှုန်းများကို **Straight Line Depreciation Rate** ဖြင့် ဖော်ပြထားသည်။

၂။ ပစ္စည်းတစ်မျိုးစီအတွက် တန်ဖိုးလျော့ခွင့်ပြုငွေ သတ်မှတ်ချက်သည် အထက်တွင် ဖော်ပြထားသော သက်ဆိုင်ရာ တန်ဖိုးလျော့ခွင့်ပြုငွေနှုန်းနှင့် ထိုပစ္စည်း၏ မူလတန်ဖိုးနှင့် မြှောက်ရမည်။

၃။ တန်ဖိုးလျော့ခွင့်ပြုငွေနှုန်းဇယားတွင် ဖော်ပြမထားသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ နုတ်ပေးရမည့် ပစ္စည်းတန်ဖိုးလျော့ငွေမှာ မူရင်းတန်ဖိုးအပေါ်တွင် တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း ဖြစ်သည်။

၄။ မည်သည့်ပစ္စည်းဖြစ်စေ ယင်းပစ္စည်းပိုင်ဆိုင်သည့်နှစ်များအတွက် တန်ဖိုးလျော့ခွင့်ပြုငွေစုစုပေါင်း ပမာဏသည် အခွန်ထမ်းမှ ထိုပစ္စည်းအတွက် ကုန်ကျထားသည့် မူလတန်ဖိုးထက် မပိုရပါ။

၅။ မြေယာငှားရမ်းလုပ်ကိုင်သူအား အဆောက်အအုံနှင့် စက် ကိရိယာများ ငှားရမ်းထားပြီး အဆောက်အအုံ ငှားရမ်းခသည် စက်ကရိယာများ ငှားရမ်းခနှင့် ခွဲမရပါက အဆောက်အအုံနှင့် စက်ကိရိယာများ အတွက်ပါ တန်ဖိုးလျှော့ငွေ ခွင့်ပြုသည်။

၆။ သင်သည် ပစ္စည်းတစ်ခုကို တစ်နှစ်ပတ်လုံး အသုံး မပြုသော်လည်း အခြားသူ တစ်ဦးဦးထံသို့ ယင်း နှစ်အတွင်း လွှဲပြောင်းခြင်းမရှိပါက ထို တစ်နှစ်ပတ် လုံး အတွက် တန်ဖိုးလျှော့ငွေ ခံစားခွင့်ရှိသည်။

၇။ ပိုင်ဆိုင်ပစ္စည်းအား အခြားသူ တစ်ဦးဦးထံသို့ လွှဲပြောင်းသည့်နှစ်တွင် ထိုပစ္စည်းအား နောက်ဆုံး လက်ဝယ် ပိုင်ဆိုင်အသုံးပြုခဲ့သူသည် ယင်းနှစ် အတွက် တန်ဖိုးလျှော့ငွေအပြည့် ခံစားခွင့် ရှိသည်။

၈။ မြန်မာနိုင်ငံ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ၊ ရရှိသည့် ဝင်ငွေတွက်ချက်ရာတွင် (အထက်ဖော်ပြပါ ဇယားတွင် မပါရှိပါက) လုပ်ငန်း၏ အုပ်ချုပ်စီမံဌာန ရှိသည့် နိုင်ငံမှ ခွင့်ပြုထားသည့် တန်ဖိုးလျှော့ သက်သာခွင့်အတိုင်း ခံစားခွင့်ရှိသည်။

၉။ တန်ဖိုးလျှော့ခွင့်ပြုငွေနှုန်း ပုံသေပိုင်ပစ္စည်း ဇယား တွင် မပါရှိသော ပုံသေပိုင်ပစ္စည်းများကို မူလတန်ဖိုး အပေါ် အခြေပြုလျက် တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် တန်ဖိုးလျှော့ရမည်။ သို့ရာတွင် သင့်အနေဖြင့် ဇယားတွင် ဖော်ပြထားသည့်နှုန်းထက်ပိုသည့် သို့မဟုတ် လျှော့သည့်ပစ္စည်း၏အသုံးဝင်သက်တမ်း နှင့်အညီ တွက်ချက်ထားသည့်နှုန်းကို အသုံးပြု လိုပါက လုံလောက်သော အကြောင်းပြချက်၊ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ထံ တင်ပြတောင်းခံနိုင်သည်။

၁၀။ အခွန်ငွေစည်းကြပ်ခြင်း၌ ထည့်သွင်းရန် ရည်ရွယ်၍ တန်ဖိုးလျှော့သက်သာခွင့် ခံစားခွင့်ရှိသည့် ပစ္စည်း အား အချိန်ပိုင်း အသုံးပြုထားပါက ထိုပစ္စည်း အသုံးပြုသည့်ကာလနှင့် သက်ဆိုင်သည့် တန်ဖိုး လျှော့သက်သာခွင့် ခံစားခွင့်ရှိသည်။ တန်ဖိုးလျှော့ သက်သာခွင့်ရှိသည့် ပစ္စည်းအတွက် တစ်နှစ်ထက် ကျော်လွန်၍ ကုန်ကျစရိတ်များရှိပါက အခြားနှစ် များအတွက် ကုန်ကျစရိတ်အား နောက်ထပ် ပစ္စည်း တစ်ခုအား တွက်ချက်သကဲ့သို့ တန်ဖိုးလျှော့ငွေကို တွက်ချက်ရမည်။

၁၁။ အဆောက်အအုံအားဝယ်ခြင်း၊ ရောင်းခြင်း၊ ပြုရာ၌ မြေပါဝင်ပါက အဆောက်အအုံအတွက် သင့်တော် သည့် ကျသင့်ငွေကို ခွဲခြားတွက်ချက်ရမည်။

**အခွန်တွက်ချက်ရာတွင်ကုန်ကျစရိတ်ကို အရစ်ကျ ခုနှိမ်ခြင်း။** ကန့်သတ်သက်တမ်းရှိသည့် ဒြပ်မဲ့ပစ္စည်းများ၊ အခွန် စည်းကြပ်ထိုက်သည့်ဝင်ငွေရရှိရန် အသုံးပြုသည့် ဒြပ်မဲ့ပစ္စည်း များကို ယင်းပစ္စည်းများ၏ အသုံးဝင်သက်တမ်းအရ စရိတ် အား အရစ်ကျနုတ်ပယ်ခွင့်ရှိသည်။ ပစ္စည်းတစ်ခု၏ အသုံးဝင် သက်တမ်းကို အခြေခံ၍ အရစ်ကျနုတ်ပယ်မည့် ပမာဏကို စနစ်တကျ တွက်ချက်သည့် နည်းလမ်း အများအပြားရှိသည်။ ယင်းနည်းလမ်းများတွင် မျဉ်းဖြောင့်နည်း (Straight-line method)၊ လက်ကျန် တဖြည်းဖြည်းကုန်ခြင်းနည်း (Declining balance method)၊ ထုတ်ကုန်အရေအတွက် ဖြင့်တွက်နည်း (Unit of production method)တို့ ပါဝင်သည်။ အရစ်ကျ နုတ်ယူမည့်ငွေကို ယင်းအလျားကွက်တွင် ဖြည့်ပါ။ မရေရာသော သက်တမ်းရှိသည့် ဒြပ်မဲ့ပစ္စည်းများကို အခွန် တွက်ချက်ရာတွင် စရိတ်အား အရစ်ကျ ခုနှိမ်ခွင့်မရှိပါ။

**တန်ဖိုးလျှော့ခွင့်ပြုငွေနှုန်းဇယား**

| စဉ် | | | မ-တည်ပိုင်ပစ္စည်းအမျိုးအစား | မူရင်းတန်ဖိုးအပေါ် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | | | အဆောက်အအုံ | |
| | (က) | | လက်ရွေးစင်ပစ္စည်းများနှင့် သံချောင်းသွင်းကွန်ကရစ်များဖြင့် ဆောက်လုပ်ထားသော ခိုင်ခံ့တောင့်တင်းသည့် ပထမတန်းတိုက် | |
| | | (၁) | စက်ရုံအဆောက်အအုံများ | ၂.၅ |
| | | (၂) | ကျန်အဆောက်အုံများ | ၁.၂၅ |
| | (ခ) | | သင့်ရုံခိုင်ခံ့တောင့်တင်းသည့်ဒုတိယတန်းတိုက် | |
| | | (၁) | စက်ရုံအဆောက်အအုံများ | ၅ |
| | | (၂) | ကျန်အဆောက်အုံများ | ၂.၅ |

| | | | | |
|---|---|---|---|---|
| | (ဂ) | | အုတ်ကြွပ်၊ သို့မဟုတ် သွပ်မိုးထားသည့် သစ်သားအဆောက်အအုံများ | |
| | | (၁) | စက်ရုံအဆောက်အအုံများ | ၁၀ |
| | | (၂) | ကျန်အဆောက်အုံများ | ၅ |
| | (ဃ) | | ဝါးနှင့်သက်ကယ်ဓနိများဖြင့်ဆောက်လုပ်ထားသည့်အဆောက်အအုံ | အစားထိုးပြုပြင်ခြင်းအတွက် ကုန်ကျစရိတ်ကို သာမန်အသုံးစရိတ် အဖြစ် ခွင့်ပြုမည်။ |
| ၂။ | | | ပရိဘောဂများနှင့် အဆောက်အအုံတွင်တပ်ဆင်ထားသည့်ပစ္စည်းများ- | |
| | (က) | | အထွေထွေ (ပန်းကန်ခွက်ယောက်၊ ဖန်ထည်၊ရက်ထည်နှင့် ပလပ်စတစ်ပိတ်များမှအပ အစားထိုးရာ၌ ကုန်ကျစရိတ်များကို သာမန် အသုံးစရိတ်အဖြစ် ခွင့်ပြုမည်။) | ၅ |
| | (ခ) | | ဟိုတယ်၊ ရုပ်ရှင်ရုံနှင့် တည်းခိုခန်းများတွင် အသုံးပြုသည့် အိမ်ထောင်ပရိဘောဂ၊ တပ်ဆင်ထားသည့် ပစ္စည်းများ၊ ငွေထည်နှင့် မီးဖိုဆောင်သုံးပစ္စည်း | ၆.၂၅ |
| | (ဂ) | | ဟိုတယ်၊ ဇာတ်ပွဲရုံနှင့် ရုပ်ရှင်ရုံများတွင် အသုံးပြုသည့် တူရိယာပစ္စည်း | ၁၀ |
| ၃။ | | | စက်ယန္တရားစု- | |
| | (က) | | အထွေထွေ | ၅ |
| | (ခ) | | အောက်ပါများအတွက် သီးခြားနှုန်းများဖြင့် ခွင့်ပြုမည်- | |
| | | (၁) | ဆန်စက် | ၆.၂၅ |
| | | (၂) | ဂျုံစက် | ၆.၂၅ |
| | | (၃) | ဆီစက် | ၆.၂၅ |
| | | (၄) | ရေခဲစက် | ၆.၂၅ |
| | | (၅) | ဘီလပ်ရည်စက် | ၆.၂၅ |
| | | (၆) | ကော်ဖီမှုန့်စက် | ၆.၂၅ |
| | | (၇) | အချိုသောက်လက်ဖက်ခြောက်စက် | ၆.၂၅ |
| | | (၈) | အရက်ချက်စက် | ၆.၂၅ |
| | | (၉) | မုန့်ဖုတ်ဖိုနှင့် ဘီစကွတ်စက် | ၆.၂၅ |
| | | (၁၀) | ခေါက်ဆွဲ၊မြူစွမ်၊ကြာဆံ၊မုန့်ဟင်းခါးဖတ်စသည့်စက် | ၆.၂၅ |
| | | (၁၁) | အမှုန့်ကြိတ်စက် | ၆.၂၅ |
| | | (၁၂) | စည်သွတ်စက် | ၆.၂၅ |
| | | (၁၃) | သားရေထုတ်စက် | ၆.၂၅ |
| | | (၁၄) | ဖိနပ်စက် | ၆.၂၅ |
| | | (၁၅) | ဓါတ်ခဲစက် | ၆.၂၅ |
| | | (၁၆) | ကော်စက် | ၆.၂၅ |
| | | (၁၇) | ဆပ်ပြာစက် | ၆.၂၅ |
| | | (၁၈) | ဖယောင်းတိုင်စက် | ၆.၂၅ |
| | | (၁၉) | ကြိုးကျစ်စက် | ၆.၂၅ |
| | | (၂၀) | ဒန်သတ္တုပစ္စည်းစက် | ၆.၂၅ |
| | | (၂၁) | သတ္တုပုံးစက် | ၆.၂၅ |
| | | (၂၂) | ပလပ်စတစ်ပစ္စည်းစက် | ၆.၂၅ |
| | | (၂၃) | သစ်ခွဲစက် | ၆.၂၅ |
| | | (၂၄) | ထုံးဖို | ၆.၂၅ |
| | | (၂၅) | လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်စက် | ၆.၂၅ |

| | | | | |
|---|---|---|---|---|
| | | (၂၆) | ကျောက်ပစ္စည်းစက် | ၆.၂၅ |
| | | (၂၇) | သံမှအပအခြားသတ္တုအရည်ကျိုစက် | ၆.၂၅ |
| | | (၂၈) | တွင်ခုံ | ၆.၂၅ |
| | | (၂၉) | သင်္ဘောကျင်း | ၆.၂၅ |
| | | (၃၀) | ပဲခွဲစက် | ၆.၂၅ |
| | (ဂ) | (၁) | ဆီခဲစက် | ၁၀ |
| | | (၂) | ဓာတုဗေဒပစ္စည်း ထုတ်လုပ်သည့်စက် | ၁၀ |
| | | (၃) | အဖြူချုတ် နှင့် ဆေးဆိုးစက် | ၁၀ |
| | | (၄) | ရော်ဘာပစ္စည်းစက် | ၁၀ |
| | | (၅) | အုတ်ဖို | ၁၀ |
| | | (၆) | အုတ်ကြွတ်စက် | ၁၀ |
| | | (၇) | ဝိုင်ယာကြိုးနှင့်အိမ်ရိုက်သံစက် | ၁၀ |
| | | (၈) | အထည်စက် | ၁၀ |
| | | (၉) | ဆားဖို | ၁၀ |
| ၄။ | | | စက်ပစ္စည်းများ- | |
| | (က) | | မြေပေါ်လျှပ်စစ်ကြိုးလုံးကြီး | ၂.၅ |
| | (ခ) | (၁) | လျှပ်စစ်ဓာတ်အားပေးစက် | ၆.၂၅ |
| | | (၂) | လျှပ်စစ်ဓာတ်အားပို့သည့်စက်ကိရိယာ | ၆.၂၅ |
| | | (၃) | မြေအောက်လျှပ်စစ်ကြိုးလုံးကြီး | ၆.၂၅ |
| | | (၄) | ဓာတ်လှေကား | ၆.၂၅ |
| | | (၅) | အထွေထွေလျှပ်စစ်ပစ္စည်း | ၆.၂၅ |
| | | (၆) | သတ္တုရေစိမ်စက်ကိရိယာ | ၆.၂၅ |
| | | (၇) | စက်ကိရိယာပြုပြင်ထိန်းသိမ်းသည့်စက် | ၆.၂၅ |
| | | (၈) | ပုံနှိပ်စက် | ၆.၂၅ |
| | | (၉) | လေဖိစက်နှင့်လေအားစက်ကိရိယာ | ၆.၂၅ |
| | (ဂ) | | ရေခဲမုန့်စက် | ၁၀ |
| | (ဃ) | | ရုပ်ရှင်ထုတ်လုပ်မှုပြသမှုဆိုင်ရာစက်ပစ္စည်း | ၁၂.၅ |
| | (င) | | ဓါတ်မှန်နှင့်ရောဂါကုဓါတ်အားပစ္စည်းများ | ၂၀ |
| ၅။ | | | ရေကြောင်းသယ်ယူပို့ဆောင်ရေး- | |
| | (က) | | သံထည်ခွံဖြင့်ဆောက်လုပ်ထားသောစက်မဲ့ရေယာဉ် | ၅ |
| | (ခ) | | သံထည်ခွံဖြင့်ဆောက်လုပ်သောစက်ရေယာဉ် | ၆.၂၅ |
| | (ဂ) | | သစ်သားခွံဖြင့်ဆောက်လုပ်သောရေယာဉ် | ၁၀ |
| ၆။ | | | ကုန်းလမ်းသယ်ယူပို့ဆောင်ရေးယာဉ်များ- | |
| | (က) | (၁) | မော်တော်ယာဉ် | ၁၂.၅ |
| | | (၂) | စက်ဘီးနှင့်ဆိုက်ကားများ | ၁၂.၅ |
| | (ခ) | | အငှားယာဉ်၊ ကုန်တင်ကားများနှင့် ခရီးသည်တင်ကားများနှင့် စက်မဲ့ယာဉ်များ | ၂၀ |
| ၇။ | | | အထွေထွေ- | |
| | (က) | (၁) | ရုံးသုံးစက်ကိရိယာ | ၁၀ |
| | | (၂) | အလေးချိန်စက်နှင့်ကိရိယာ | ၁၀ |
| | | (၃) | အလုပ်ရုံသုံးစက်ကိရိယာများနှင့်တန်ဆာပလာများ | ၁၀ |
| | | (၄) | အထည်နှင့်ဦးထုပ်ချုပ်စက် | ၁၀ |
| | | (၅) | သားရေနှင့်ကင်းဘတ်ပစ္စည်းချုပ်စက်များ | ၁၀ |
| | | (၆) | အအေးဓါတ်ပေးစက်ကိရိယာ | ၁၀ |

| | | | | |
|---|---|---|---|---|
| | | (၇) | ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ကိရိယာ | ၁၀ |
| | | (၈) | ဆောက်လုပ်ရေးနှင့်အိမ်သုံးသံထည်ပစ္စည်းထုတ်လုပ်သည့်စက်များ | ၁၀ |
| | | (၉) | သတ္တုတွင်းသုံးစက်ပစ္စည်း | ၁၀ |
| | | (၁၀) | လက်ယက္ကန်း | ၁၀ |
| | (ခ) | (၁) | ကြံရည်ကြိတ်စက် | ၁၂.၅ |
| | | (၂) | ခွဲစိတ်ကိရိယာများ | ၁၂.၅ |
| | (ဂ) | (၁) | စက်မှုလယ်ယာသုံးစက်ကိရိယာများ | ၂၀ |
| | | (၂) | ဝန်ချီစက် | ၂၀ |
| ၈။ | | | အခြားလုပ်ငန်းဆိုင်ရာအထွေထွေပစ္စည်းများ- | |
| | (က) | (၁) | လေယာဉ် | ၁၂.၅ |
| | | (၂) | စာရင်းပြုစက်များ၊ ဂဏန်းတွက်စက်များ | ၁၀ |
| | | (၃) | ရုပ်ရှင်နှင့်ပြဇာတ်သရုပ်ဆောင်များ၏အသုံးအဆောင်များ | ၂၀ |
| | | (၄) | အသံဖမ်း၊အသံချဲ့ပစ္စည်းကိရိယာများ | ၁၀ |
| | | (၅) | ပုလင်းဆေးစက် | ၁၀ |
| | | (၆) | ချုပ်စက္ကူဘူးပြုလုပ်စက် | ၆.၂၅ |
| | | (၇) | ဗျစ်နှင့်အရက်ချက်စက်ရုံ | ၅ |
| | | (၈) | ကင်မရာနှင့်ဓာတ်ပုံပစ္စည်းများ | ၁၀ |
| | | (၉) | ဘိလပ်မြေစက် | ၆.၂၅ |
| | | (၁၀) | ဓာတုဗေဒပစ္စည်းစက် | ၆.၂၅ |
| | | (၁၁) | ကွန်ပျူတာစနစ်သုံးပစ္စည်းကိရိယာများ | ၂၀ |
| | | (၁၂) | ဝါကြိတ်စက် | ၆.၂၅ |
| | | (၁၃) | နို့ချက်စက် | ၁၀ |
| | | (၁၄) | စာကူးစက်နှင့်မိတ္တူစက်များ | ၁၀ |
| | | (၁၅) | သံရည်ကျိုစက် | ၅ |
| | | (၁၆) | ဖန်ချက်စက်ရုံ | ၆.၂၅ |
| | | (၁၇) | ပိုးသတ်ဆေးထုတ်လုပ်စက် | ၁၂.၅ |
| | | (၁၈) | ဆွယ်တာထိုးစက် | ၆.၂၅ |
| | | (၁၉) | လျှော်ဖွတ်၊ ဆေးဆိုးလုပ်ငန်း | |
| | | | – အထွေထွေလုပ်ငန်းသုံးကိရိယာ | ၁၀ |
| | | | – အဝတ်လျှော်စက် | ၁၂.၅ |
| | | (၂၀) | မီးခြစ်စက် | ၅ |
| | | (၂၁) | ရေနံကုမ္ပဏီများ | |
| | | | – စက်နှင့်စက်ကိရိယာများ | ၅ |
| | | | – ပိုက်လိုင်းများ | ၅ |
| | | | – လွန်တူးကိရိယာများ | ၂၀ |
| | | | – ရေနံတူးစင်များ | ၁၀ |
| | | | – ဘူမိ၊ရူပလေ့လာစမ်းသပ်ရေးကိရိယာများ | ၁၀ |
| | | | – ဆိုက်စမစ်လေ့လာစမ်းသပ်ရေးကိရိယာများ | ၁၀ |
| | | | – အခြားလေ့လာစမ်းသပ်ရေးကိရိယာများ | ၁၀ |
| | | (၂၂) | အောက်စီဂျင်၊အဆက်တီလင်ဓာတ်ငွေ့ထုတ်လုပ်စက် | ၅ |
| | | (၂၃) | သုတ်ဆေး၊အရောင်တင်ဆေးထုတ်လုပ်စက် | ၆.၂၅ |
| | | (၂၄) | ကြက်ဘဲ၊အသားထုတ်လုပ်စက် | ၆.၂၅ |
| | | (၂၅) | အပ်ချုပ်စက်များ | ၁၀ |
| | | (၂၆) | သဘော်ာဆေးမှုတ်စက် | ၁၀ |
| | | (၂၇) | သကြားစက်များ | ၆.၂၅ |
| | | (၂၈) | တာပေါ်လင်(တာလပတ်သို့မဟုတ်ပလတ်စတစ်) | ၁၂.၅ |
| | | (၂၉) | ရုပ်မြင်သံကြားစက် | |
| | | | – ကောင်းကင်ကြိုးတိုင်များ | |

| | | | | |
|---|---|---|---|---|
| | | | – အခြားကိရိယာများ | ၂.၅ |
| | | | – ဖမ်းစက် | ၁၂.၅ |
| | | | (က) အထွေထွေ | |
| | | | (ခ) အငှား | ၁၀ |
| | | | အုတ်ကြွပ်ထုတ်လုပ်သည့်စက် | ၁၂.၅ |
| | | (၃၀) | လက်နှိပ်စက်များ(လျှပ်စစ်နှင့်သာမန်) | ၁၀ |
| | | (၃၁) | ထီးထုတ်လုပ်စက် | ၁၀ |
| | | (၃၂) | လေစုပ်၊သန့်ရှင်းရေးစက်များ | ၁၀ |
| | | (၃၃) | ဗွီဒီယို | ၁၀ |
| | | (၃၄) | – ကစားစက်များ | |
| | | | – အခြားဗွီဒီယိုစက်များ | ၂၀ |
| | | | အဝတ်လျှော်စက်များ | ၁၀ |
| | | (၃၅) | | ၁၂.၅ |

### အပိုင်း (က) အလျားကွက် ၂စျ

**အခြားကုန်ကျစရိတ်များ။ ပူးတွဲစာရင်း** တင်ပြပါ။ အသုံးမပြုရသေးသည့် (ပိုလျှံနေသည့်) ကုန်သွယ်လုပ်ငန်းခွန် (ဝယ်ယူစဉ်က ပေးချေသည့်) Input Tax ကို ဤအလျားကွက်တွင်ဖြည့်ပါ။ ပြည်ပသို့ တင်ပို့ခြင်း မဟုတ်သည့်သူများအတွက်သာဖြစ်သည်။ ပြည်ပသို့တင်ပို့သူသည် ပိုမိုပေးဆောင်ထားသော အသုံးမပြုရသေးသည့် ကုန်သွယ်လုပ်ငန်းခွန် Input Tax ကို နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာတွင် အသုံးပြုနိုင်သည်။

## အပိုင်း ခ - ပစ္စည်းငှားရမ်းခြင်းမှရငွေနှင့် အသုံးစရိတ်များ

### အပိုင်းခ ၊ အလျားကွက် ၃ဆ

**တန်ဖိုးလျော့နှင့်ကုန်ကျစရိတ်ကို အရစ်ကျ နုတ်ပယ်ခြင်း။** ပစ္စည်းအားလုံးအတွက် တန်ဖိုးလျော့ထားခြင်း၊ အရစ်ကျနုတ်ပယ်ထားခြင်းအတွက် **ပူးတွဲစာရင်း** ဖော်ပြပါ။ တန်ဖိုးလျော့နှုန်းထား တွက်ချက်ရာတွင် ဝင်ငွေခွန်စည်းမျဉ်းပါနှုန်းထားများအတိုင်း တွက်ချက်ရမည်။

### အပိုင်း ခ၊ အလျားကွက် ၃ဇ

**အခြားစရိတ်များ။** ၃ဇ တွင်ဖော်ပြထားသည့် စရိတ်များအားလုံး အတွက် **ပူးတွဲစာရင်း** ဖော်ပြပါ။

## အပိုင်း ဂ၊ အခြားရလမ်းများမှ ဝင်ငွေနှင့် အသုံးစရိတ်များ

### အပိုင်း ဂ၊ အလျားကွက် ၁

အပိုင်း က သို့မဟုတ် ခ တို့တွင် တင်ပြထားသည့် ဝင်ငွေများအပြင် အခြားရလမ်းမှ ဝင်ငွေများအတွက် ဤအပိုင်းတွင် ဖော်ပြပါ။ ဤအလျားကွက်တွင် ဖော်ပြထားသည့် ဝင်ငွေတစ်ခုချင်းစီအတွက် **ပူးတွဲစာရင်း**ဖော်ပြပါ။

### အပိုင်း ဂ၊ အလျားကွက် ၂

**အသုံးစရိတ်များ။** ဤနေရာတွင် အပိုင်း က (သို့) ခ တွင် ဖော်ပြထားသော အသုံးစရိတ်မှအပ နုတ်ပယ်ခွင့်ရှိသော အသုံးစရိတ်အားလုံးကို ဤအလျားကွက်တွင် ဖော်ပြပါ။ အပိုင်း က၊ အလျားကွက် ၂က မှ ၂ည အထိ အတွက် ညွှန်ကြားချက်များကို ကြည့်ပါ။ အပိုင်း ဂ အလျားကွက် ၂ အတွက်လည်း ၎င်းညွှန်ကြားချက်နှင့် သက်ဆိုင်သည်။ စီးပွားရေးလုပ်ငန်းမှ ရငွေနှင့် အသုံးစရိတ်များအတွက် ညွှန်ကြားချက်များသည် အခြားရလမ်းများမှ ဝင်ငွေနှင့် အသုံးစရိတ်များနှင့်လည်း သက်ဆိုင်သည်။ ဤနေရာတွင် ဖော်ပြထားသော အသုံးစရိတ်တစ်ခုချင်းစီအတွက် **အသေးစိတ်စာရင်းကို ပူးတွဲ**တင်ပြပါ။ မတည်ပစ္စည်းမှ ဆုံးရှုံးငွေများသည် နုတ်ပယ်၍ မရနိုင်သည့်အတွက် အလျားကွက် ၂ တွင် ထည့်သွင်းရန် မလိုအပ်ပါ။

## အပိုင်း ဃ - ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် ဝင်ငွေ တွက်ချက်ခြင်း

### အပိုင်း ဃ၊ အလျားကွက် ၁ဃ

**COVID-19 စီးပွားရေးကုစားမှုအစီစဉ် (COVID-19 Economic Relief Plan) အရ စရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုသည့် ပမာဏမနုတ်မီ စုစုပေါင်းအသားတင်ဝင်ငွေ(အရှုံး)။** အလျားကွက် ၁က၊ ၁ခနှင့် ၁ဂ **တို့ကို ပေါင်းပါ။**

### အပိုင်း ဃ၊ အလျားကွက် ၂

**COVID-19 စီးပွားရေးကုစားမှုအစီစဉ် (COVID-19 Economic Relief Plan) အရ စရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုခြင်း။** ၁၇-၆-၂၀၂၀ ရက်စွဲပါ စီမံကိန်းးဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၂၀ အရ ခွင့်ပြုခြင်းဖြစ်ပါသည်။ ကြေညာလွှာနှင့်ပူးတွဲပါရှိသည့် အချပ်ပို(က) တွက်ချက်မှုဇယားတွင် တွက်ချက်

ရမည်ဖြစ်ပြီး တွက်ချက်မှုနှင့်သက်ဆိုင်သည့် အသေးစိတ်စာရင်းများကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

## အပိုင်း(ဃ)၊ အလျားကွက် ၂က

**ထပ်တိုးပေးချေရသည့် ဝန်ထမ်း/အလုပ်သမားစရိတ်များအပေါ် အသုံးစရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုသည့်ပမာဏ။** ကြေညာလွှာအချပ်ပို(က) တွက်ချက်မှုဇယားတွင် တွက်ချက်ရမည်ဖြစ်သည်။ ၁၇-၆-၂၀၂၀ ရက်စွဲပါ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၂၀ အရ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကိစ္စရပ်များကိုသာ ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါသည်။ **အချပ်ပို(က) ဇယား-၁ အလျားကွက် ၅ မှ ပမာဏ**ကို ဤအလျားကွက်တွင် ဖြည့်စွက်ရန်ဖြစ်ပါသည်။ တွက်ချက်မှုဇယားနှင့် ပတ်သက်သည့် **အသေးစိတ်အချက်အလက်များ**ကို ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

## အပိုင်း (ဃ) အလျားကွက် ၂ခ

**ထပ်တိုး မ-တည်အပိုင်ပစ္စည်းများအတွက် တန်ဖိုးလျော့စရိတ်တိုးမြှင့်ခွင့်ပြုသည့်ပမာဏ။** ကြေညာလွှာအချပ်ပို(က) တွက်ချက်မှုဇယားတွင် တွက်ချက်ရမည်ဖြစ်သည်။ ၁၇-၆-၂၀၂၀ ရက်စွဲပါ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၂၀ အရ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကိစ္စရပ်များကိုသာ ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါသည်။ အချပ်ပို (က) ဇယား-၂ အလျားကွက် ၃ မှပမာဏကို ဤ အလျားကွက်တွင်ဖြည့်စွက်ရန်ဖြစ်ပါသည်။ တွက်ချက်မှုဇယားနှင့် ပတ်သက်သည့် **အသေးစိတ်အချက်အလက်များ**ကို ပူးတွဲ တင်ပြရမည်ဖြစ်ပါသည်။

မ-တည်အပိုင်ပစ္စည်း (Capital Equipment) ထပ်တိုးရင်းနှီးမြှုပ်နှံမှုဆိုရာ၌ ဒြပ်မဲ့ရရန်ပိုင်ခွင့်များအတွက် ရင်းနှီး မြှုပ်နှံမှု၊ မြေ၊ အဆောက်အအုံ သို့မဟုတ် မြေနှင့်အဆောက်အအုံအားဝယ်ယူခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းကိစ္စရပ်များ ပါဝင်ခြင်းမရှိစေရ။ ထို့ပြင် မ-တည်အပိုင်ပစ္စည်း (Capital Equipment) ပြောင်းလဲတိုးမြှင့်ခြင်းမရှိဘဲ ယခင်ဝင်ငွေနှစ် အတိုင်းပိုင်ဆိုင်ထားသည့် လုပ်ငန်း၏ ဒြပ်ရှိ မ-တည်ပစ္စည်း များ၏ တန်ဖိုးကို တန်ဖိုးပြန်လည်သတ်မှတ်ခြင်း (Revaluation) ပြုလုပ်ပါက ထပ်တိုးလာသည့် ပမာဏကို ထပ်တိုးရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ခြင်းမပြုပါ။

## အပိုင်း ဃ၊ အလျားကွက် ၂ဃ

**သယ်ယူလာသော အရှုံးများကို မထည့်သွင်းမီ စုစုပေါင်း အသားတင် ဝင်ငွေ(အရှုံး)။ အလျားကွက် ၁ဃ နှင့် ၂ဂ** နုတ်လဒ်သည် အရှုံးဖြစ်ပါက အပိုင်း(ဃ)၏ ကျန်အပိုင်းများ ကိုကျော်၍ အပိုင်း(င)၊ အလျားကွက် ၁ တွင် “၀” ကို ဖြည့်ပါ။

## အပိုင်း ဃ၊ အလျားကွက် ၃

**ယခင်နှစ်များမှသယ်ယူလာသောအရှုံး။** ယခင်နှစ်များမှ သယ်ယူ လာသော အရှုံး ပမာဏကို အလျားကွက် ၃က၊ ၃ခ နှင့် ၃ဂ တို့တွင် ဖြည့်ပါ။ ဝင်ငွေရလမ်းတစ်ခုခုမှ ဆုံးရှုံးငွေကို ကျန်ဝင်ငွေရလမ်းများမှ ဝင်ငွေတွင် ခုနှိမ်နိုင်သည်။ ဆုံးရှုံးငွေကို တစ်ဆက်တည်း နောက်သုံးနှစ်အထိ သယ်ယူနိုင်သည်။

၁-၄-၂၀၁၉ မှ ၃၀-၉-၂၀၁၉ ရက်နေ့အထိ ၆ လတာ ကာလ (၂၀၁၉ ဝင်ငွေနှစ်) အဖြစ် ကျင့်သုံးတွက်ချက်သော အခွန်ထမ်းများအတွက် ၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်၊ ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်နှင့် ၂၀၁၉ ဝင်ငွေနှစ်များအတွက် အရှုံးခုနှိမ်ခွင့်ကို ရရှိမည်ဖြစ်သည်။

၁-၄-၂၀၁၈ မှ ၃၀-၉-၂၀၁၈ ရက်နေ့အထိ ၆ လတာ ကာလ (၂၀၁၈ ဝင်ငွေနှစ်) အဖြစ် ကျင့်သုံးတွက်ချက်သော အခွန်ထမ်းများအတွက် ၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်၊ ၂၀၁၈ ဝင်ငွေနှစ်နှင့် ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်များအတွက် အရှုံးခုနှိမ်ခွင့်ကိုရရှိမည်ဖြစ်သည်။

## အပိုင်း ဃ၊ အလျားကွက် ၃ဃ

အရှုံးများကို ၃ နှစ်ထက်ပို၍ သယ်ဆောင်နိုင်ကြောင်း ခွင့်ပြုထားသည့် MIC ခွင့်ပြုမိန့် သို့မဟုတ် အခြားစာရွက်စာတမ်းများရှိပါက ယင်းတို့ကို ဤအခွန်ကြေညာလွှာနှင့်တကွ ပူးတွဲတင်ပြပါ။ အလျားကွက် ၂ဃ တွင် ပူးတွဲတင်ပြထားသည့် စာရွက်စာတမ်းများအရ ၃ နှစ်ထက်ပိုသည့် သယ်ဆောင်လာသည့် အရှုံးများကို ဖြည့်ပါ။

## အပိုင်း ဃ၊ အလျားကွက် ၄

**MIC/SEZ/Grant Aid/Concessional Loan ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များမနုတ်ပယ်မီ စုစုပေါင်း အသားတင်ဝင်ငွေ။** အလျားကွက် ၂ဃ မှ ၃င ကို နုတ်ပါ။ အသားတင် အရှုံးပေါ်ပါက “၀” ဟု ဖြည့်ပြီး အပိုင်း(ဃ)၏ ကျန်အပိုင်းကိုကျော်၍ အပိုင်း(င)၊ အလျား ကွက် ၁ တွင် “၀” ကိုဖြည့်ပါ။

## အပိုင်း ဃ၊ အလျားကွက် ၅

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကင်းလွတ်ခွင့်/ အထူးစီးပွားရေးဇုန်ဥပဒေအရ အခွန်ကင်းလွတ်ခွင့်ပေးသည့် ဝင်ငွေပမာဏ။** ဤအလျားကွက်တွင် MIC/SEZ ကင်းလွတ်ခွင့်ပြုသည့်ဝင်ငွေပမာဏကို ဖော်ပြရန်ဖြစ်ပါသည်။ အကယ်၍ သင့်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည့်ခွင့်ပြုမိန့်/ အထူးစီးပွားရေးဇုန် ဥပဒေအရ ကင်းလွတ်ခွင့်ပြုသည့် ခွင့်ပြုမိန့်ရရှိပါက ကင်းလွတ်ခွင့်ရသည့်ဝင်ငွေကို မည်သို့တွက်ချက်ထားသည်ဆိုခြင်းကို ဇယားဖြင့်ပူးတွဲတင်ပြပါ။ သက်ဆိုင်ရာကင်းလွတ်ခွင့်အထောက်အထား မိတ္တူပူးတွဲ တင်ပြပါ။

## အပိုင်း ဃ၊ အလျားကွက် ၆

**MIC/SEZ ကင်းလွတ်ခွင့်ပေးသည့် ဝင်ငွေနုတ်ပယ်ပြီး Grant Aid/Concessional Loan ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ မနုတ်မီ စုစုပေါင်းအသားတင်ဝင်ငွေ(အရှုံး)။** အလျားကွက် ၄ မှ ၅ ကို နုတ်ပါ။ အသားတင် အရှုံးပေါ်ပါက “ဝ” ဟု ဖြည့်ပြီး အပိုင်း(ဃ)၏ ကျန်အပိုင်းကိုကျော်၍ အပိုင်း(င)၊ အလျားကွက် ၁ တွင် “ဝ” ကိုဖြည့်ပါ။

## အပိုင်း ဃ၊ အလျားကွက် ၇

**နိုင်ငံတော်က ရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) နှင့် သက်သာသောချေးငွေ (Concessional Loan) တို့အရ အခွန်ကင်းလွတ်ခွင့်ပေးသည့် ဝင်ငွေပမာဏ။** ဤအလျားကွက်တွင် Grant Aid/Concessional Loan ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေပမာဏကို ဖော်ပြရန်ဖြစ်ပါသည်။ အကယ်၍ သင့်အနေဖြင့် Grant Aid/ Concessional Loan အရ ကင်းလွတ်ခွင့်ပြုသည့် ခွင့်ပြုမိန့်ရရှိပါက ကင်းလွတ်ခွင့်ရသည့် ဝင်ငွေကို မည်သို့ တွက်ချက်ထားသည်ဆိုခြင်းကို ဇယားဖြင့် ပူးတွဲတင်ပြပါ။ သက်ဆိုင်ရာ ကင်းလွတ်ခွင့် အထောက်အထား မိတ္တူ ပူးတွဲ တင်ပြပါ။

## အပိုင်း ဃ၊ အလျားကွက် ၈

**Grant Aid/Concessional Loan အရ ကင်းလွတ်ခွင့်ပေးသည့် ဝင်ငွေနုတ်ပယ်ပြီး သက်သာခွင့်များမနုတ်မီစုစုပေါင်း အသားတင်ဝင်ငွေ(အရှုံး)။** အလျားကွက် ၆ မှ ၇ ကို နုတ်ပါ။ အသားတင်အရှုံးပေါ်ပါက “ဝ” ဟု ဖြည့်ပြီး အပိုင်း(ဃ)၏ ကျန်အပိုင်းကိုကျော်၍ အပိုင်း(င)၊ အလျားကွက် ၁ တွင် “ဝ” ကိုဖြည့်ပါ။

## အပိုင်း ဃ၊ အလျားကွက် ၉

**အခြေခံသက်သာခွင့် - သမဝါယမအသင်းများအတွက်သာ။** အလျားကွက် ၈ ကို ၂၀% ဖြင့် မြှောက်ပါ။ ရလဒ်သည် ကျပ် ၁၀,၀၀၀,၀၀၀ အောက်လျော့နည်းပါက ဤနေရာတွင် ဖြည့်ပါ။ သို့မဟုတ်လျှင် ကျပ် ၁၀,၀၀၀,၀၀၀ ဟု ဖြည့်ပါ။

## အပိုင်း ဃ၊ အလျားကွက် ၁၀

**လှူဒါန်းငွေမနုတ်ပယ်မီ စုစုပေါင်းအခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေ။** အလျားကွက် ၈ မှ ၉ ကို နုတ်ပါ။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆(က) အရ လှူဒါန်းငွေများအတွက် နုတ်ပယ်ခွင့်များကို ခံစားခွင့်မရှိသည့်အတွက် အလျားကွက် ၁၀ မှ ပမာဏကို အလျားကွက် ၁၂ တွင် ဖြည့်ပါ။

## အပိုင်း ဃ၊ အလျားကွက် ၁၁

**လှူဒါန်းငွေများ။** နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်း ထည့်ဝင်ငွေကိုလည်း နုတ်ပယ်ရမည်။ ယင်းသို့ လှူဒါန်း ထည့်ဝင်ငွေသည် အခွန်ထမ်း၏ အလျားကွက် ၁၀ တွင် ဖော်ပြထားသည့် စုစုပေါင်းအသားတင်ဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့် ညီမျှသော ငွေထက်မပိုစေရ။ ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေးတို့နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများကို ဤကိစ္စရပ်အလို့ငှာ ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းများအဖြစ် ထည့်သွင်းထားသည်။

## အပိုင်း ဃ၊ အလျားကွက် ၁၂

**စုစုပေါင်းအခွန်စည်းကြပ်ထိုက်သောဝင်ငွေ(အရှုံး)။**
အလျားကွက် ၁၀ မှ ၁၁ ကို နုတ်ပြီး ဤအလျားကွက် ၁၂ တွင် ဖြည့်ပါ။ ဤပမာဏကို အပိုင်း (င) အလျားကွက် ၁ တွင် လည်း ဖြည့်ပါ။

# အပိုင်း င – အခွန်ငွေ တွက်ချက်ခြင်း

## အပိုင်း င ၊ အလျားကွက် ၂

**အောက်ဖော်ပြပါနှုန်းထားများအပေါ် အခြေခံ၍ အခွန်ငွေ တွက်ချက်ပါသည်-**

- **မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီများ။** ယင်းကုမ္ပဏီက ရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅% ဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပုဒ်မ ၆ အရ သက်သာခွင့်များနှင့် မသက်ဆိုင်ပါ။
- **ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီ များ။** ယင်းကုမ္ပဏီက ရရှိသည့်ကျပ်ငွေဖြင့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၀% ဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပုဒ်မ ၆ အရ သက်သာခွင့်များနှင့် မသက်ဆိုင်ပါ။
- **အခြေခံသမဝါယမအသင်းများ။ တစ်ဦးချင်းပုဂ္ဂိုလ်အပေါ်** အခွန်စည်းကြပ်သည့်နှုန်းကို အသုံးပြုရမည်ဖြစ်သည်။
- **အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ။** အခွန်နှုန်းထားသည် အခွန်စည်းကြပ်ထိုက်သော ဝင်ငွေအပေါ် ၂၅%ဖြစ်သည်။
- **နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ။** အခွန်နှုန်းထား သည် အခွန်စည်းကြပ်ထိုက်သော ဝင်ငွေအပေါ် ၂၅% ဖြစ်သည်။ ပုဒ်မ ၆ အရ သက်သာခွင့်များနှင့် မသက်ဆိုင် ပါ။

## အပိုင်း င ၊ အလျားကွက် ၃က

**သုံးလတစ်ကြိမ် အရစ်ဖြင့် ပေးဆောင်ထားသော ကြိုတင်ခွန် စုစုပေါင်း။** ဤအလျားကွက်တွင် နှစ်တစ်နှစ်အတွင်း သုံးလပတ်နှုန်းဖြင့် စုစုပေါင်း ပေးသွင်းထားသည့် ဝင်ငွေခွန်ကို

ဖြည့်ပါ။ အခွန်များကို အရစ်ကျ ပေးဆောင်ရမည်ဆိုလျှင် ၁၀ ဇန်နဝါရီ ၂၀၂၀၊ ၁၀ ဧပြီ ၂၀၂၀၊ ၁၀ ဇူလိုင် ၂၀၂၀ နှင့် ၁၀ အောက်တိုဘာလ ၂၀၂၀ ထက် နောက်မကျစေဘဲ ပေးသွင်းခဲ့ပြီးဖြစ်ရမည်။

## အပိုင်း င၊ အလျားကွက် ၃ခ

**ပင်ရင်းမှနုတ်ယူပေးခြင်းခံရသည့်ဝင်ငွေခွန်။** အောက်ဖော်ပြပါ ဝင်ငွေအမျိုးအစားများပေါ်တွင် နုတ်ယူခြင်းခံရသည့်အခွန်များကို ဤနေရာတွင် ဖြည့်သွင်းပါ-

- ပြည်ပနေနိုင်ငံခြားသားအား ပေးသည့် အတိုးငွေ၊
- လုပ်ငန်းလိုင်စင်၊ ကုန်အမှတ်တံဆိပ်နှင့် မူပိုင်ခွင့်များ အစရှိသည်တို့ အသုံးပြုမှုအတွက် ပြည်တွင်းနေနိုင်ငံသား များ၊ ပြည်တွင်းနေနိုင်ငံခြားသားများနှင့်ပြည်ပနေနိုင်ငံခြားသား များသို့ပေးရသော မူပိုင်ခ၊
- စာချုပ်စာတမ်းများနှင့် မြန်မာနိုင်ငံအတွင်း ပစ္စည်းဝယ်ယူမှုများအပေါ် ပြည်တွင်းနေနိုင်ငံသားများ၊ ပြည်တွင်းနေနိုင်ငံခြားသားများနှင့် ပြည်ပနေနိုင်ငံခြားသားများသို့ ပေးချေမှုများ။

## အပိုင်း င၊ အလျားကွက် ၃ဂ

**အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းထားသည့် ဝင်ငွေခွန်။** ကုန်ပစ္စည်းတင်သွင်းခြင်းနှင့်တင်ပို့ခြင်းများအတွက် အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းထားသည့် အခွန်များကို ဤနေရာတွင် ဖြည့်သွင်းပါ။

## အပိုင်း င၊ အလျားကွက် ၃ဃ

**အခွန်နှစ်ထပ်မကျသင့်စေရေးစာချုပ်ဝင်နိုင်ငံများရှိ နိုင်ငံခြားအစိုးရများထံသို့ ပေးဆောင်ခဲ့သောဝင်ငွေခွန်။** အခွန်နှစ်ထပ်မကျသင့်စေရေး စာချုပ်ဝင်နိုင်ငံများသို့ ပေးဆောင်ထားသည့် အခွန် ပမာဏကို ဤအလျားကွက်တွင်ဖြည့်ပါ။ အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက်အပိုင်းရှိ အလျားကွက် ဂ တွင် အခွန်နှစ်ထပ် မကျသင့်စေရေး စာချုပ်ဝင်နိုင်ငံကို ဖြည့်စွက်ပါ။

## အပိုင်း င၊ အလျားကွက် ၃င

**ယခုနှစ်သို့ သယ်ယူလာသည့် ယခင်နှစ်တွင် ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏ။** ဤနှစ်အခွန်အတွက် အသုံးပြုရန် ဆုံးဖြတ်ထားသော ယခင်နှစ်မှ ပိုမိုပေးဆောင်ထားခဲ့သော အခွန် ပမာဏကို ဤအလျားကွက်တွင် ဖြည့်ပါ။

## အပိုင်း င ၊ အလျားကွက် ၄

**ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်မပြုမီ ပေးဆောင်ရန် ကျန်ပမာဏ။** အလျားကွက် ၄ ရှိ ပမာဏသည် ကြေညာလွှာ တင်သွင်းချိန်တွင် ပေးဆောင်ရန် ကျန်ရှိသည့် အခွန်ဖြစ်သည်။ ၁၇-၆-၂၀၂၀ ရက်စွဲပါ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၂၀ အရ ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်များ ခံစားရန်ရှိပါက အပိုင်း င အလျားကွက် ၅ နှင့် ၆ တွင် ဖြည့်စွက်၍ ခုနှိမ်ခွင့်ရယူရမည်ဖြစ်သည်။ ခုနှိမ်ခွင့်ရယူရန် မရှိပါက ကျသင့်အခွန်ကို ပေးဆောင်ရန်ဖြစ်သည်။

## အပိုင်း င ၊ အလျားကွက် ၅

**ထပ်တိုးပေးချေရသည့် ဝန်ထမ်း/ အလုပ်သမားစရိတ်များအပေါ် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်။** ၁၇-၆-၂၀၂၀ ရက်စွဲပါ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏အမိန့်ကြော်ငြာစာအမှတ်၊၆၅/၂၀၂၀ အရ ခွင့်ပြုခြင်းဖြစ်ပါသည်။ ကြေညာလွှာအချပ်ပို (က) တွက်ချက်မှုဇယားတွင် တွက်ချက်ရမည်ဖြစ်ပြီး၊ အချပ်ပို(က) ဇယား-၁ အလျားကွက် ၆ မှ ပမာဏကို ဤအလျားကွက်တွင် ဖြည့်စွက်ရန်ဖြစ်ပါသည်။ အဆိုပါပမာဏမှာ အလျားကွက် ၄ အရ ပေးဆောင်ရန်ကျန်သည့် အခွန်ပမာဏထက် ပိုမိုပါက အလျားကွက် ၄ အရ ပေးဆောင်ရန်ကျန်သည့် အခွန်ပမာဏ အထိသာ ခုနှိမ်ခွင့်ရယူရမည်ဖြစ်သည်။

## အပိုင်း င ၊ အလျားကွက် ၆

**မ-တည်အပိုင်ပစ္စည်းများတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်။** ၁၇-၆-၂၀၂၀ ရက်စွဲပါ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏အမိန့်ကြော်ငြာစာအမှတ်၊၆၅/၂၀၂၀ အရ ခွင့်ပြုခြင်းဖြစ်ပါသည်။ ကြေညာလွှာအချပ်ပို(က) တွက်ချက်မှုဇယားတွင် တွက်ချက်ရမည်ဖြစ်ပြီး၊ အချပ်ပို(က) ဇယား-၂ အလျားကွက် ၄ မှ ပမာဏကို ဤအလျားကွက်တွင် ဖြည့်စွက်ရန်ဖြစ်ပါသည်။ အဆိုပါပမာဏမှာ အလျားကွက် ၄ အရ ပေးဆောင်ရန်ကျန်သည့် အခွန်ပမာဏထက် ပိုမိုပါက အလျားကွက် ၄ အရ ပေးဆောင်ရန်ကျန်သည့် အခွန်ပမာဏ အထိသာ ခုနှိမ်ခွင့်ရယူရမည်ဖြစ်သည်။

## အပိုင်း င ၊ အလျားကွက် ၈

**ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ပြီးနောက် ပေးဆောင်ရန်ကျန်ပမာဏ။** အလျားကွက် ၈ ရှိ ပမာဏသည် ကြေညာလွှာတင်သွင်းချိန်တွင် ပေးဆောင်ရန်ကျန်ရှိသည့်အခွန် ဖြစ်သည်။

အခွန်ကြေညာလွှာကို မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(သို့)အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးစသည့် သက်ဆိုင်ရာဌာနသို့ တင်သွင်း ရမည်။

ကျသင့်ခွန်ကို မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ပေးဆောင်ရမည်။ ဘဏ်မှထုတ်ပေးသော ချလန်ကို မှတ်တမ်းအဖြစ် သိမ်းထားရမည်။ ထို့ပြင် www.ird.gov.mm website မှတစ်ဆင့် MPU ကဒ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂလိက ဘဏ်ခွဲများမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-Net စနစ်ရှိ Customer Credit Transfer Function (CCT)ကို အသုံးပြု၍ဖြစ်စေ ပေးဆောင်နိုင်ပါသည်။ MPUနှင့် CBM-Netမှ တစ်ဆင့် ပေးဆောင်ခြင်းများအတွက် မြန်မာ့စီးပွားရေးဘဏ်၏ သက်ဆိုင်ရာငွေစာရင်းသို့ အခွန်ငွေလက်ခံရရှိသည်နှင့်

တစ်ပြိုင်နက် ပြည်တွင်းအခွန်များဦးစီးဌာနမှ လုံခြုံမှုအဆင့် (QR Code)ပါသော အခွန်ငွေ လက်ခံရရှိကြောင်းအကြောင်း ကြားစာအား အီးမေးလ်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။ ထိုအကြောင်းကြားစာအား ချလန်ကဲ့သို့ပင် မှတ်တမ်းအဖြစ် သိမ်းထားရမည်။

## အပိုင်း င ၊ အလျားကွက် ၉

**ပို၍ပေးဆောင်ထားသောပမာဏ။** အလျားကွက် ၉ ရှိ ပမာဏ သည် အခွန်ကြေညာလွှာ တွက်ချက်မှုမှန်ကန်ပါက ယခု ကြေညာလွှာတင်သွင်းသည့်နှစ်အတွက် ပို၍ပေးဆောင်ထား သော ပမာဏဖြစ်သည်။

အခွန်ထမ်း ပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်သည့်ပမာဏ သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိ သည့် ပမာဏထက် ကျော်လွန်နေပါက ယင်းပိုငွေကို ပြန်အမ်း မည်ဖြစ်ပြီး ယင်းသို့ပြန်အမ်းရာတွင်-

(က) အခွန်ထမ်းပေးဆောင်ရမည့် အခွန်ဆိုင်ရာ စီမံ အုပ်ချုပ်မှုဥပဒေနှင့် သက်ဆိုင်သည့် စည်းကြပ်ပြီး သည့် အခွန်၊ အတိုး သို့မဟုတ် ဒဏ်ကြေးငွေများကို ခုနှိမ်မည်၊

(ခ) ထို့ပြင် ကျန်ရှိသည့် ပြန်အမ်းငွေပမာဏမှ လာမည့် ၁၂ လအတွင်း အခွန်ထမ်းပေးဆောင်ရမည့် အခွန် တာဝန်ကို ကြိုတင်ခွန်အဖြစ် ခုနှိမ်မည်၊

(ဂ) အထက်ပါ (က)၊ (ခ)နှင့် မဆန့်ကျင်စေဘဲ ပြန်အမ်း ရန်ရှိသည့် ပမာဏအားလုံးကို ပြန်အမ်းပေးမည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြန်အမ်းငွေ သို့မဟုတ် ခုနှိမ်ခွင့်ကို စည်းကြပ်မှုနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာ အခွန်ကာလ ကုန်ဆုံးပြီး ခြောက်နှစ်အတွင်း အခွန်ထမ်းက လျှောက်ထားတောင်းခံခြင်း သို့မဟုတ် ယင်းကာလအတွင်း ညွှန်ကြားရေးမှူးချုပ်က တွေ့ရှိဆောင်ရွက်ခြင်း ဖြစ်မှသာ ခွင့်ပြုမည်ဖြစ်သည်။
အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃နှင့်အညီ ဆောင်ရွက် ပြီးနောက် ပိုမိုပေးသွင်းခဲ့သော ပမာဏကျန်ရှိနေပြီး ယင်းကို နောင်လာမည့်အခွန်နှစ်အတွက် အသုံးပြုလိုပါက အလျား ကွက် ၉ ရှိ အကွက်တွင် အမှတ်ခြစ်ပါ။

## အပိုင်း စ ၊ ဘဏ္ဍာရေးရှင်းတမ်း

၂၀၁၉ စက်တင်ဘာလ ၃၀ ရက်နှင့် ၂၀၂၀ စက်တင်ဘာလ ၃၀ ရက်နေ့တို့တွင် ကုန်ဆုံးမည့်နှစ်များအတွက် ငွေစာရင်းများနှင့် မှတ်တမ်းများတွင် ဖော်ပြထားသော ပမာဏကို ဖြည့်ပါ။ ဘဏ္ဍာရေး ရှင်းတမ်းများအတွက် ရှင်းလင်းချက်မိတ္တူကို ပူးတွဲတင်ပြပါ။ ဘဏ္ဍာရေး ရှင်းတမ်းမိတ္တူအပြည့်အစုံကို ပူးတွဲတင်ပြရန် မလိုအပ်ပါ။

လက်ကျန်ရှင်းတမ်း (Balance Sheet) တွင် ဖြည့်သွင်းရမည့် အကွက်တိုင်းတွင် ဘဏ္ဍာရေးအချက်အလက်များ သေချာ ပြည့်စုံစွာ ဖြည့်သွင်းပါ။ အပိုင်း (စ) အလျားကွက်များရှိ စာသား များကို ပြောင်းလဲရေးသားခြင်း မပြုပါနှင့်။

စုစုပေါင်း တန်ဖိုးလျော့ သို့မဟုတ် စုစုပေါင်း အရစ်ကျခုနှိမ် ခြင်းအတွက် ပမာဏကို ကွင်းစကွင်းပိတ်နှင့် အလျားကွက် ၂ခ၊ ၃ခ နှင့် ၅ခ တို့တွင် ဖော်ပြပါ။ ကွင်းစကွင်းပိတ်နှင့် ဖော်ပြခြင်း သည် အနုတ်လက္ခဏာသဘော ဖြစ်သည့်အတွက် အလျား ကွက် ၂ခ သို့မဟုတ် ၃ခ သို့မဟုတ် ၅ခ တွင် အနုတ်လက္ခဏာ ထပ်ထည့်၍ ဖော်ပြရန်မလိုပါ။

## အပိုင်း ဆ ၊ စာရင်းအရ ဝင်ငွေ (အရှုံး)ကို အခွန် စည်းကြပ်ထိုက်သော ဝင်ငွေနှင့် ပြန်လည် စာရင်း ကိုက်ညှိခြင်း

အလျားကွက် ၁ တွင် သင်၏ ငွေစာရင်းစာအုပ်များနှင့် မှတ်တမ်းတွင် ဖော်ပြထားသော ဝင်ငွေ (သို့) အရှုံးကို ဖြည့်သွင်း ရမည်။ ကုမ္ပဏီ၏အခွန် စည်းကြပ်ထိုက်သည့် ဝင်ငွေကို ဖော်ပြ ရန် မလိုပါ။ စီးပွားရေးနှင့် ပိုင်ဆိုင်ပစ္စည်းမှ ဝင်ငွေ (သို့) အရှုံးကို ဖော်ပြရမည်။
အလျားကွက် ၃၊ ၄စ၊ ၆ သို့မဟုတ် **၈ဃ** အတွက် ငွေပမာဏ ဖော်ပြထားပါက **လိုအပ်သောဇယားများ** ပူးတွဲဖော်ပြရန် လိုအပ်ပါမည်။

## ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ၏ ကတိဝန်ခံချက်

ဤကြေညာလွှာ မတင်သွင်းမီ စာမျက်နှာ ၇ အလယ်ပိုင်း၌ ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ (ဥပမာ။ သင်၏ စာရင်းကိုင် သို့မဟုတ် စာရင်းစစ်ဆေးသူ) အား ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။ အကယ်၍သင်၏ဝန်ထမ်းတစ်ဦးဦး မှ ကြေညာလွှာကို ပြင်ဆင်ပေးခြင်းဖြစ်ပါက ဤ အပိုင်းတွင် လက်မှတ်ရေးထိုးရန် မလိုပါ။
စာရွက်စာတမ်း လိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်ကို သတိပြု စေလိုပါသည်။

## အခွန်ထမ်း(သို့)ကိုယ်စားလှယ်၏ ကတိဝန်ခံချက်

ဤကြေညာလွှာကို မတင်သွင်းမီ စာမျက်နှာ ၈ တွင် လက်မှတ် ထိုးရမည်။

- ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါက ထိုပုဂ္ဂိုလ်မှ လက်မှတ် ရေးထိုးရမည်။
- သမဝါယမအသင်းအဖွဲ့ဖြစ်ပါက ဥက္ကဋ္ဌ (သို့) အတွင်းရေး မှူးမှ လက်မှတ်ရေးထိုးရမည်။
- ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ကိုယ်စားလှယ်၊ အတွင်းရေး မှူး (သို့) အထွေထွေမန်နေဂျာ (သို့) မန်နေဂျာမှ လက်မှတ်ရေးထိုးရမည်။

- အစိုးရ အဖွဲ့အစည်းဖြစ်ပါက စီမံရေးရာ (သို့) ငွေစာရင်းဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးမှ လက်မှတ်ရေးထိုးရမည်။

စာရွက်စာတမ်း လိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အသိပေးလိုပါသည်။